မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)

၁၃၈၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာ ၂၄ ရက်၊ အင်္ဂါနေ့ အတွဲ(၆၆)၊ အမှတ်(၀၅၅)



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

၂၀၂၆ ခုနှစ် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်

နေပြည်တော် နိုဝင်ဘာ ၂၃

၂၀၂၆ ခုနှစ် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ ဝိုင်းတွင် မာရဝိဇယပုဒ္ဓဥယျာဉ် ရေပန်းရင်ပြင်တော်၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ဖွင့်လှစ်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ○

ယနေ့ ဖတ် စ ရာ

ပညာရပ်ချင်းဖလှယ်လို့ တိုင်းရင်းဆေးကဏ္ဍမြှင့်တင်စို့

ဆောင်းပါး စာ ၇

ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြုင်ပွဲကျင်းပ

ပြည်တွင်းသတင်း စာ ၈

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလ၌ ဆီတင်ယာဉ်များဖြင့် စက်သုံးဆီ အရန်သင့်ထားရှိကာ ရောင်းချပေးသည့်အတွက် ပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၃

တန်ဆောင်တိုင်ပွဲတော် ရုံးပိတ်ရက်ရှည်ကာလအတွင်း ခရီးသွားလာမှုများပြားနိုင်သည့် လမ်းကြောင်းများပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ပြည်သူများ အဆင်ပြေချောမွေ့စွာနှင့် စိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင်ရေးအတွက် လိုအပ်သည့် စက်သုံးဆီများကို အမြဲနှိုးဖြည့်တင်းရောင်းချပေးနိုင်ရန် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများ ကြိုတင်ပေးပို့ စီမံထားရှိခဲ့ပြီးဖြစ်သဖြင့် စက်သုံးဆီများကို အဆင်ပြေစွာ ဝယ်ယူသုံးစွဲလျက်ရှိသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့ ဘုရားဖူးလာပြည်သူများဖြင့် ပွဲတော်တစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကား

နေပြည်တော် နိုဝင်ဘာ ၂၃

မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ဒုတိယနေ့ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ ကုသိုလ်ယူသူများ၊ ဘုရားဖူးလာရောက်သူများ၊ ဈေးဝယ်သူများ၊ အပန်းဖြေလည်ပတ်ကြသည့် ဝန်ထမ်းမိသားစုများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာ ပြည်သူများဖြင့် ပွဲတော်တစ်ခုလုံး ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

"မနေ့က ပွဲတော်ကို လာလည်ဖြစ်တယ်။ ဒီနေ့လည်း မိသားစုနဲ့ထပ်ပြီး လာရောက်လည်ပတ်ဖြစ်တာပါ။ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြုင်ပွဲကို ကြည်ညိုချင်လို့ပါ။ ဆီမီးပူဇော်ပွဲနဲ့ မီးပုံးဖျံပွဲလည်း ကြည့်ချင်လို့ပါ။ ရုံးပိတ်ရက်လည်း ဖြစ်တဲ့အတွက် ပြည်သူတွေ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နဲ့ ဆင်နွှဲကြတဲ့ ပွဲတော်ဖြစ်တော့ ကြိတ်ကြိတ်တိုးပါပဲ။ အေးချမ်းသာယာတဲ့ တန်ဆောင်တိုင်ပွဲတော်မှာ အားလုံးပျော်ရွှင်ကြပါစေ" ဟု လာရောက်လည်ပတ်သူ ဝန်ထမ်းမိသားစုဝင် တစ်ဦးဖြစ်သည့် ချောက်မြို့မှ ဦးအေးဝင်းက ပြောသည်။

စာမျက်နှာ ၅ ကော်လံ ၁ ✻



ဧဝတ်မင်းသား အောင်ဇမ္ဗူ ဧဝတ်သဘင်အဖွဲ့၏ အကအလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ပွဲတော်လာပရိသတ်များက ကွင်းပြည့်ကွင်းလျှံ တစ်ခဲနက်အားပေးမှုကို တွေ့ရစဉ်။



နိုင်ငံနှင့် ပြည်သူအကျိုးပြု အမိုးတင် ဆိုလာစီမံကိန်းများ

ထိုင်းနိုင်ငံတွင် ပြည်သူ့ နေစွမ်းအင်လျှပ်စစ်စီမံကိန်းအရ အိမ်ထောင်စုတစ်စုလျှင် ဘတ် ၅၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စုတစ်သန်းအတွက် ဆိုလာလျှပ်စစ်တပ်ဆင်ပေးရန် ဘတ် ဘီလီယံ ၅၀ ထောက်ပံ့ပေးမည့် အစီအစဉ်တစ်ရပ်ကို ပြီးခဲ့သည့် အောက်တိုဘာလနောက်ဆုံးပတ်အတွင်းက ထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။ အဆိုပါအစီအစဉ်အရ အိမ်ထောင်စုများသည် ၎င်းတို့သုံးစွဲမည့် လျှပ်စစ်ဓာတ်အားကို ကိုယ်တိုင်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ပိုလျှံသည့် လျှပ်စစ်ဓာတ်အားများကို အမျိုးသားလျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ကြမည်ဖြစ်သည်။

နေအိမ်နှင့် စက်ရုံ၊ ရုံး၊ စီးပွားရေးအဆောက်အအုံ စသည်တို့၏ ခေါင်မိုးပေါ်တွင် နေစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုစနစ် တပ်ဆင်ထုတ်လုပ်သုံးစွဲပြီး ပိုလျှံသည့်လျှပ်စစ်ဓာတ်အားကို နိုင်ငံတော် လျှပ်စစ်ဓာတ်အားလိုင်း (National Grid)သို့ပြန်လည်ရောင်းချသည့်စနစ်ကို ကမ္ဘာ့နိုင်ငံအများအပြားတွင် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ ယင်းသို့ရောင်းချရာတွင် မိမိဆိုလာမှထွက်ရှိသော ပိုလျှံလျှပ်စစ်ကို အစိုးရဓာတ်အားလိုင်းထဲသို့ ပြန်သွင်းပေးပြီး မိမိသုံးစွဲသည့် ယူနစ်နှင့် ပြန်လည်ခုနှိမ်ပေးသည့်စနစ် (Net Metering) နှင့် ဆိုလာမှထွက်ရှိသမျှ ဓာတ်အားယူနစ်တိုင်းကို အစိုးရ သို့မဟုတ် လျှပ်စစ်ကုမ္ပဏီများက သတ်မှတ်ထားသော ဈေးနှုန်းတစ်ခုဖြင့် တိုက်ရိုက်ပြန်လည်ဝယ်ယူပေးသည့် စနစ် Feed- in Tariff (FiT) တို့ကို အဓိကကျင့်သုံးသည်။

ထိုင်းနိုင်ငံတွင် နေအိမ်သုံး (Residential) ဆိုလာများမှ ကိုယ်တိုင်သုံးစွဲ၍ ပိုလျှံသော လျှပ်စစ်ယူနစ်များကို အစိုးရလျှပ်စစ်အဖွဲ့အစည်းများထံ တစ်ယူနစ်လျှင် ၂ ဒသမ ၂၀ ဘတ်နှုန်းဖြင့် ၁၀နှစ်မှ နှစ် ၂၀ စာချုပ်ချုပ်ဆို၍ ရောင်းချနိုင်သည်။ ထိုင်းနိုင်ငံ၏ နေအိမ်သုံး Rooftop Solar တပ်ဆင်နိုင်မှု ပမာဏသည် စုစုပေါင်း ၃ ဒသမ ၃ ဂီဂါဝပ် (3.3 GW/ 3300 MW) ကျော်အထိ ရောက်ရှိနေပြီဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် အိမ်သုံးဆိုလာများအတွက် Net Metering စနစ်ကို အဓိကအသုံးပြုသည်။ နေ့ဘက်တွင်ပိုလျှံ၍ Grid ထဲသို့ သွင်းလိုက်သော ယူနစ်နှင့် ညဘက်တွင်ပြန်သုံးသော ယူနစ်ကို တိုက်ရိုက်ခုနှိမ်ပေးပြီး ပိုလျှံယူနစ်များအတွက် ပြည်နယ်အလိုက် သတ်မှတ်နှုန်းထားဖြင့် ပြန်လည်ရှင်းပေးသည်။ အိန္ဒိယနိုင်ငံ၏ နေအိမ်သုံး Rooftop Solar တပ်ဆင်နိုင်မှုသည် ၁၅ ဂီဂါဝပ် (15GW/15000 MW) ခန့်အထိရှိလာပြီး အိမ်ထောင်စုပေါင်း ၅ ဒသမ ၆ သန်းကျော်တွင် တပ်ဆင်ပြီးစီးထားသည်။ လက်ရှိတွင် နေအိမ်သုံး စုစုပေါင်း ၃၀ ဂီဂါဝပ် (30 GW)ပြည့်မီရန် ရည်မှန်းချက်ဖြင့် တစ်နှစ်လျှင် ဂီဂါဝပ်ပေါင်းများစွာ ထပ်မံတိုးချဲ့ထုတ်လုပ်ရောင်းဝယ်လျက်ရှိသည်။

မိမိတို့နိုင်ငံတွင်လည်း အဆောက်အအုံများ၏ အမိုးပေါ်တွင် ဆိုလာတပ်ဆင်၍ လာမည့်နွေရာသီအမီ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရောင်းချခြင်း အစီအစဉ်တွင်ပါဝင်နိုင်ပါရန် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက နိုဝင်ဘာ ၂၁ ရက်တွင် ဖိတ်ခေါ်ထားသည်။ ယင်းနှင့်ပတ်သက်၍ ဆိုလာနှင့် ဆက်စပ်ပစ္စည်း တပ်ဆင်အသုံးပြုခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို လည်း ပြီးခဲ့သည့် နိုဝင်ဘာ ၁၁ ရက်နေ့တွင် ထုတ်ပြန်ထားပြီးဖြစ်သည်။ အဆိုပါ စီမံကိန်းကိုအကောင်အထည်ဖော်ရာတွင် နည်းပညာဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရန်၊ တပ်ဆင်ထားသော ဆိုလာပြား၏ အပူလွန်ကဲမှုမှတစ်ဆင့် အဆောက်အအုံတွင် အန္တရာယ်မဖြစ်စေရန်၊ အဆောက်အအုံပိုင်ရှင်က အရင်းအနှီး ငွေကြေးစိုက်ထုတ်သုံးစွဲရသော ဝန်ထုပ်ဝန်ပိုးမရှိစေရန် ရင်းနှီးမြှုပ်နှံနိုင်စွမ်းရှိသည့် ကုမ္ပဏီများက တပ်ဆင်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ ဓာတ်အားထုတ်လုပ်ရောင်းချမှုအားလုံးကို တာဝန်ယူဆောင်ရွက်သွားမည်ဟု အဆိုပါထုတ်ပြန်ချက်အရ သိရသည်။

ပထမအဆင့်အနေဖြင့် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ပေါ်ရှိ ရုံး၊ ကျောင်း၊ ဆေးရုံ၊ ဈေး စသည့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ စီးပွားရေးလုပ်ငန်းနှင့် စက်မှုလုပ်ငန်းအဆောက်အအုံများ၏ အမိုးများပေါ်တွင် စတင်၍ တပ်ဆင်ဆောင်ရွက်စေလျက်ရှိကြောင်း သိရပြီး ဒုတိယအဆင့်တွင် လူနေအိမ်အဆောက်အအုံများတွင်ပါ တပ်ဆင်ဆောင်ရွက်နိုင်ရေး ဆက်လက်စီစဉ်ဆောင်ရွက်သွားမည်ဟု သိရသည်။

နိုင်ငံတစ်ဝန်း အမိုးတင် ဆိုလာစီမံကိန်းများ လျင်မြန်စွာ ပေါ်ပေါက်လာစေရေးတွင် လုပ်ငန်းရှင်များ၏ ပါဝင်ရင်းနှီးမြှုပ်နှံမှုလိုအပ်သလို အဆောက်အအုံပိုင်ရှင်များ၏ ပူးပေါင်းပါဝင်မှုလည်း အရေးကြီးသည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်မည့်သူများ၏ နည်းပညာဆိုင်ရာ အာမခံချက်၊ အရည်အသွေးဆိုင်ရာ အာမခံချက်၊ လျှပ်စစ်အန္တရာယ်၊ မီးအန္တရာယ်စသည့် ဘေးအန္တရာယ်ဆိုင်ရာ အာမခံချက်တို့ အပြည့်အဝပေးနိုင်ရေးသည်လည်းအရေးကြီးသည်။ အဆိုပါအာမခံချက်များအတွက် မှန်ကန်ခိုင်မာသည့် တတိယအဖွဲ့အစည်းက ပါဝင်ဆောင်ရွက်ရန် လိုအပ်ပြီး အဆောက်အအုံပိုင်ရှင်ထံ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန်လည်း လိုသည်။ မြန်မာနိုင်ငံသည် ဆိုလာစွမ်းအင်ထုတ်လုပ်နိုင်စွမ်းမြင့်မားသည့် အလားအလာကောင်းများရှိသည့် နိုင်ငံဖြစ်ရာ အမိုးတင်ဆိုလာစီမံကိန်းများ အောင်မြင်သည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျှော့ချနိုင်ခြင်း၊ အဆောက်အအုံပိုင်ရှင်များ လျှပ်စစ်မီတာခသက်သာခြင်း၊ ပိုလျှံဓာတ်အားများ ရောင်းချနိုင်ခြင်းဖြင့် နိုင်ငံ၏လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းပါမည့် အကြောင်း။ ။



၂၃-၁၁-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိစံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၅၀၀၀၀ ကျပ်ဖြစ်သည်။ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ



နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၃ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ မိုး/ဇလ

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄ - ၁၁ - ၂၀၂၆ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိး	တောင်ကြီး	လျှိုင်ကော်	ဟားခါး
92 Ron	၃၈၁၅	၃၉၇၀	၃၉၂၀	၃၈၃၀	၃၉၇၅	၃၉၈၅	၄၀၂၀	၃၉၀၀	၄၂၇၀	၄၃၀၀	၃၉၂၀	၄၀၄၀	၄၀၁၀	၃၉၇၀	၃၉၈၀	၄၂၁၀
95 Ron	၃၈၈၀	၄၀၃၅	၃၉၈၅	၃၈၉၅	၄၀၄၀	၄၀၅၅	၄၀၉၀	၃၉၆၅	၄၃၃၅	၄၃၆၅	၃၉၈၅	၄၁၁၀	၄၀၈၀	၄၀၃၅	၄၀၄၅	၄၂၇၅
HSD (500 ppm)	၄၁၅၅	၄၃၀၀	၄၂၅၅	၄၁၇၀	၄၃၀၅	၄၃၂၀	၄၃၅၀	၄၂၃၅	-	၄၆၁၅	၄၂၅၅	၄၈၆၅	၄၃၄၀	၄၃၀၀	၄၃၁၀	၄၅၃၀
HSD (50 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅	၅၄၉၅	၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅
HSD (10 ppm)	၅၀၄၀	၅၁၉၅	၅၁၄၅	၅၀၅၅	၅၂၀၀	၅၂၁၅	၅၂၅၀	၅၁၂၅		၅၅၂၅	၅၁၄၅	၅၃၃၀	၅၂၄၀	၅၁၉၅	၅၂၀၅	၅၄၃၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၃၆၁၃	၃၇၁၉
95 Ron	၃၆၇၈	၃၇၈၅
HSD (500 ppm)	၃၉၅၅	၄၀၆၃
HSD (50 ppm)	၄၈၀၁	၄၉၂၇
HSD (10 ppm)	၄၈၀၁	၄၉၂၇

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈
စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	ဟန်လင်းအောင်	အကြီးတန်းသတင်းထောက်	-	ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
စာတည်းမှူး	-	ခင်ရတနာ			
စာတည်းများ	-	ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း	ဓာတ်ပုံသတင်းထောက်	-	တင်စိုး
ဘာသာပြန်စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	မို့မို့အေးနှင့် နွဲ့မွန်တို့အဖွဲ့
			အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့်အဖွဲ့
သုတေသန	-	အိအိခင်နှင့် အဖွဲ့	စာပြင်	-	ဇော်မင်းသန်းနှင့် အဖွဲ့

နေပြည်တော်-ဒုတိယစာတည်းမှူးချုပ် ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@gmail.com

MYANMAR Digital News Presented by NPE
www.mdn.gov.mm

E-paper





နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ ညမီးကြိုးမီးပုံးပျံလွှတ်တင်မှုကို ကြည့်ရှုအားပေးစဉ်။

❍ *ရှေ့ဖုံးမှ*

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယသမ္မတ ဦးညီစောနှင့်ဇနီး ဒေါစမဲးစမဲးအေး၊ ဒုတိယသမ္မတ ဒေါနန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဉင်ရိနှင့်ဇနီး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဌေးနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မသိုးရွှေကြာသင်္ကန်းတော်ရက်လုပ်ပူဇော်ကြမည့် ရက်ကန်းအဖွဲ့များ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများ၊ တိုင်းရင်းသား တိုင်းရင်းသူများ၊ ယဉ်ကျေးမှုအဖွဲ့များနှင့် အနုပညာရှင်များက လှိုက်လဲစွာနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၄ သို့





ဖဲကြိုးဖြတ် ဖွင့်လှစ်

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။

မသိုးရွှေကြာသင်္ကန်း ရက်လုပ်မှု ကြည့်ရှုအားပေး

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်မှုကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား ကြည့်ရှုအားပေးစဉ်။

စာမျက်နှာ ၃ မှ

ယင်းနောက် အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ စတင်ကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က **"ဇယမင်္ဂလာ စာတမ်းလွှာ"** ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းများကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက စတင်ရက်လုပ်သည်နှင့် တစ်ပြိုင်တည်း ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှု အောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက "မြိုင်မြိုင်ဆိုင်ဆိုင် လတန်ဆောင်တိုင်" တေးသီချင်းဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြပြီး အခမ်းအနား တက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်း လွှတ်တင်ကြသည်။

ယင်းနောက် အနုပညာရှင်များက ယိမ်းအက အလှများ၊ အိုးစည်ဒိုးပတ်များ၊ တေးသံသာများဖြင့် သီဆိုတီးမှုတ်ကပြဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ကိုယ်စားပြု ရက်ကန်းစင်တော် ၁၅ ခုတွင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော်တစ်ခုချင်းစီ အလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ညမီးကြီး မီးပုံးပျံများနှင့် စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲကို နှစ်စဉ်စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်လျက်ရှိပြီး ယခုပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ခြင်း၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော်အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စီစဉ်ကျင်းပလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





၂၀၂၆ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား၌ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်၊ ဒိုးပတ်များဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြစဉ်။ (အပေါ်ပုံ) နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက လွှတ်တင်ပူဇော်ယှဉ်ပြိုင်မည့် "သာယာရွှေပြည်" ညမီးကြီး မီးပုံးပျံအား ပြင်ဆင်မှုများ ဆောင်ရွက်စဉ်။ (ယာပုံ)

■ *ရှေ့ဖုံးမှ*

ပြည်သူများအနေဖြင့် ခရီးသွားကာလအတွင်း လိုအပ်သည့် စက်သုံးဆီများ အဆင်ပြေစွာ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် စက်သုံးဆီတင်ယာဉ်များဖြင့် အရန်ဆီများကို ထပ်မံဖြည့်တင်းပေးပို့ စီမံဆောင်ရွက်ထားရှိသည်။

ပြည်သူများအနေဖြင့် စက်သုံးဆီများကို မြို့ကြီးများနှင့် ခရီးလမ်းတစ်လျှောက်တွင် သတ်မှတ်ထားသည့် စည်းကမ်းများအတိုင်း ဝယ်ယူသုံးစွဲနိုင်ကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်



ရေကြည်လင်မှ စိတ်အေးချမ်း၊ ရေချိုထိန်းမှ ကမ္ဘာစိမ်းလန်း။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

*** ရှေ့ဖုံးမှ**

ယနေ့တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြီုင်ပွဲတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းစင် ၁၅ စင် ယှဉ်ပြိုင်ရက်လုပ်ပူဇော်ကြမည်ဖြစ်သည်။

ထိုသို့ မသိုးသင်္ကန်းရက်လုပ်ပူဇော်မှုကို ဘုရားဖူးပြည်သူများက ကြည်ညိုသဒ္ဓါပွားများစွာ လာရောက်ကြည့်ရှုအားပေးကြသည်။

"တန်ဆောင်တိုင်အခါသမယမှာ ကုသိုလ်ပြုကျင်းပပူဇော်တဲ့ ဓလေ့တစ်ခုပါ။ မသိုးသင်္ကန်းဆိုတာ အဆင့်ဆင့် ရက်လုပ်ရတယ်၊ နေ့ချင်းပြီးအောင် ရက်လုပ်ရတယ်။ အလေးအမြတ်ထား ရက်လုပ်လျှဒါန်းပူဇော်တာဖြစ်ပါတယ်။ သပ္ပာယ်ကြည်ညိုရတဲ့ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ရင်း မသိုးသင်္ကန်းရက်လုပ်တာကို ကြည့်ရှုခွင့်ရတယ်။ ဘုရားကြီးကို ဖူးမြော်ရင်း အေးချမ်းမှုတွေ အများကြီးရတဲ့ တန်ဆောင်တိုင်ညလေးပါ" ဟု လယ်ဝေးမြို့နယ် အောင်ချမ်းသာကျေးရွာမှ ဒေါ်ဌေးဌေးက ပြောသည်။

အလားတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား ပန်း၊ ရေချမ်းနှင့် ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် မေတ္တာပို့သခြင်းတို့ဖြင့် ကုသိုလ်ပြုကြသည့် ပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ဘုရားဖူးလာပြည်သူများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို အဆင်ပြေချောမွေ့စွာ ဘုရားဖူးမြော်နိုင်ရန် တာဝန်ရှိသူများက လုံခြုံရေးစစ်ဆေးမှုများနှင့် လိုအပ်သည့် လမ်းညွှန်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ သွားလာမှုအဆင်ပြေစေရန် ဦးချဲလ်များ၊ မော်တော်ယာဉ်ငယ်များဖြင့် ကူညီပို့ဆောင် ပေးလျက်ရှိသည်။

ထို့အတူ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို ဘုရားဝင်းအတွင်း သတ်မှတ်နေရာ၌ကျင်းပရာ ယနေ့ ဒုတိယနေ့ယှဉ်ပြိုင်မှုတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီက **"ဇေယျာအောင်လံ"**၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက **"ဝိသကြံ"**၊ နယ်စပ်ရေးရာဝန်ကြီးဌာနက **"သာယာရွှေပြည်"**၊ စိုက်ပျိုးရေးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက **"လယ်ယာထွက်ကုန်မြှင့်တင်ပေး နိုင်ငံ့စီးပွားဖွံ့ဖြိုးရေး"**၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက **"လမင်းထိန်သာ ပြည်မြန်မာ"**၊ သယ်ဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက **"စိမ်းလန်းမြေ"**၊ ပြန်ကြားရေးဝန်ကြီးဌာနက **"ပြန်ကြားအားမာန်မိုးထက်ဝံ"** စသည့် ညမီးကြိမ်းမီးပုံးပျံများကို လွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြသည်။

အလားတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက **"လူကယ်ပြန်"**၊ အားကစားရေးရာဝန်ကြီးဌာနက **"ပြည့်ဝုဏ်ဆောင်"**၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနက **"ပြည်ထောင်စုတိုင်းရင်းသား"**၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက **"စွဲမက်ဖွယ်ရာ ပြည်မြန်မာ"**၊ ပညာရေးဝန်ကြီးဌာနက **"မြတ်ပညာ"**၊ ကျန်းမာရေးဝန်ကြီးဌာနက **"အာရောဂျ"**၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က **"အာသာဝတီ"** စသည့် စိန်နားပန်မီးပုံးပျံများကို လွှတ်တင်ပူဇော်ယှဉ်ပြိုင်ကြသည်။

ထိုသို့ လွှတ်တင်ပူဇော်ကြရာတွင် ဌာနအလိုက် တိုင်းရင်းသားရိုးရာအကအဖွဲ့များ၊ အိုးစည်ဒိုးပတ်နှင့်

စာမျက်နှာ ၆ သို့



အားကစားရေးရာဝန်ကြီးဌာနက လွှတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "ပြည့်ဝုဏ်ဆောင်" စိန်နားပန်မီးပုံးပျံ အား တွေ့ရစဉ်။



ပညာရေးဝန်ကြီးဌာနက လွှတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "မြတ်ပညာ" စိန်နားပန်မီးပုံးပျံအား တွေ့ရစဉ်။



နိုင်ငံကျော်တေးသံရှင်များ၏ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေမှုအား ပွဲတော်လာပရိသတ်များက သံပြိုင်သီဆိုအားပေးမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်စေ့ရောင်းပွဲတော်သို့ လာရောက်ဝယ်ယူအားပေးသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိမှုကို တွေ့ရစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးရှိ ကျောက်စာရုံစေတီတော်၊ ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းတို့၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားများပြားလျက်ရှိမှုကို တွေ့ရစဉ်။



ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လွတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ" စိန်နားပန်မီးပုံးပျံအား တွေ့ရစဉ်။

စာမျက်နှာ ၅ မှ

သံချပ်တီးလုံးများဖြင့် တီးမှုတ်ကပြ ဖျော်ဖြေခြင်း၊ မီးပုံးပျံအသေးများ လွှတ်တင်ပူဇော်ခြင်း၊ လာရောက်ကြည့်ရှုကြသည့် ပရိသတ်များက ပျော်ရွှင်စွာ ကခုန်အားပေးခြင်းတို့ဖြင့် တန်ဆောင်တိုင်ညာ၏ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ ဂန္ဓကုဋိတိုက်များ၊ သုမင်္ဂဓရုပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးတို့သို့ သွားရောက်ဖူးမြော် ကြည်ညိုသူများအပြင် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းများ၌ ဘုရားဖူးပြည်သူများက တန်ဆောင်တိုင်ညာအလှကို မိသားစုအလိုက်၊ အစုအဖွဲ့အလိုက် ပျော်ရွှင်စွာဆင်နွဲကြသည်။

အလားတူ ဥယျာဉ်တော်မြောက်ဘက် ဝဏ္ဏုကံမြေရှိ ဆိုင်ခန်းပေါင်း ၅၂၀ ပါဝင်သော တန်ဆောင်တိုင်စျေးရောင်းပွဲတော်တွင်လည်း ဒေသအလိုက် MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ၊ One Region One Product (OROP) ထုတ်ကုန်များ၊ အိမ်တွင်းလက်မှု အနုပညာပစ္စည်းများ၊ ရိုးရာဝတ်စုံများနှင့် တိုင်းရင်းသားရိုးရာ စားသောက်ဖွယ်ရာများကို စျေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိရာ ဝယ်ယူအားပေးသူများဖြင့် စည်ကားလျက်ရှိသည်။

စျေးရောင်းပွဲတော်တွင် ပါဝင်ရောင်းချသူ ဆိုင်ခန်းတာဝန်ရှိသူတစ်ဦးက "ဒီနေ့ ဒုတိယနေ့မှာ ပွဲတော်လာရောက်သူတွေ ပိုများလာတဲ့အတွက် မနက်ပိုင်းကတည်းက အရောင်းအဝယ်တော်တော်လေးသွက်ပါတယ်။ ကျွန်တော်တို့ရဲ့ ဒေသထွက် MSME ထုတ်ကုန်တွေကိုလည်း ပြည်သူတွေက စိတ်ဝင်တစား မေးမြန်းကြပြီး ဝယ်ယူအားပေးကြတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ အခုလိုစျေးပွဲတော်မှာ ပါဝင်ရောင်းချခွင့်ရတဲ့အတွက်လည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောသည်။

အလားတူ ဖျော်ဖြေရေးအစီအစဉ်များတွင် ပြည်သူ့ချစ်ဇာတ်မင်းသား အောင်ဇမ္ဘူ ဦးဆောင်သည့် ဇာတ်သဘင်အဖွဲ့က ခေတ်မီစင်မြင့်အပြင် အဆင်၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်း တူရိယာများ ပေါင်းစပ်တီးခတ်မှုတို့ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ကပြသီဆိုဖျော်ဖြေကြရာ ရှင်မွေးလွန်းမင်းနန္ဒာ အော်ပရာကြီး၊ စင်မြင့်ပေါ်မှတေးဂီတ (Show)၊ မချစ်တတ်သူများ မကြည့်ရ(ပြဇာတ်ကြီး)နှင့် နှစ်ပါးသွား အက အလှများဖြင့် ဖျော်ဖြေတင်ဆက်မှုများကို ပွဲတော်လာပရိသတ်များက ကွင်းပြည့်ကွင်းလျှံ တစ်ခဲနက် အားပေးကြည့်ရှုခဲ့ကြသည်။

ထို့ပြင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် မေသကိထားဆွေ၊ ဝေလာရီ၊ မေလသံစဉ်၊ စည်သူလွင်၊ သာဒီးလူ၊ Mi Sandi ၊ ပိုပို၊ မိုးမိုး၊ သားသား၊ နီနီခင်ဇော်၊ ပုံရိပ်၊ သားစိုးတို့၏ ပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေမှု၊ DJ များနှင့် Daily Gita Band တို့၏ တီးခတ်မှုတို့က ပွဲတော်လာပရိသတ်များကို ပျော်ရွှင်စေခဲ့ပြီး ပရိသတ်များ၏ သံပြိုင်လိုက်ပါ သီဆိုကခုန်မှုများဖြင့် အားပေးမှုအထူးရရှိခဲ့သည်။

ထို့ပြင် ကလေးကစားကွင်းရှိရထားပိုင်း၊ ချားပိုင်း၊ လှုပ်စီး၊ ဒုံး၊ ပျော့အိနှင့် ကလေးစီးကားများတွင် ကလေးငယ်များ ပျော်ရွှင်စွာ ပါဝင်ဆင်နွဲနေကြသကဲ့သို့ ရဟတ်၊ ပင်လယ်ဓားပြလှေနှင့် ဂိမ်းကစားနည်းများတွင်လည်း လာရောက်ကစားသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို နိုဝင်ဘာ ၂၄ ရက် တန်ဆောင်မုန်းလပြည့်နေ့အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ရာ ဘုရားဖူးကုသိုလ်ယူရင်း မိသားစုနှင့် အတူ ပျော်ရွှင်စွာ လာရောက်ဆင်နွဲနိုင်ကြောင်း သိရသည်။ **သတင်း – သန်းမင်းအောင်၊ ဂျိုင်းလောမာတ်ပုံ – အေးပြည့်အောင်**



နိုင်ငံကျော်တေးသံရှင်များ၏ ခေတ်ပေါ်တေးသီချင်းများဖြင့် ဖျော်ဖြေမှုအား ပွဲတော်လာပရိသတ်များ ကြိတ်ကြိတ်တိုး လာရောက်အားပေးမှုကို တွေ့ရစဉ်။



နေပြည်တော်စည်ပင်သာယာရေးကော်မတီက လွှတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "ဇေယျာအောင်လံ" ညီမီးကြီးမီးပုံးပျံအား တွေ့ရစဉ်။



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက လွှတ်တင်ပူဇော်ယှဉ်ပြိုင်သည့် "လမင်းထိန်သာ ပြည်မြန်မာ" ညီမီးကြီးမီးပုံးပျံအား တွေ့ရစဉ်။



ပြန်ကြားရေးဝန်ကြီးဌာနက လွှတ်တင်ပူဇော် ယှဉ်ပြိုင်သည့် "ပြန်ကြားအားမာန် မိုးထက်ယံ" ညီမီးကြီးမီးပုံးပျံအား တွေ့ရစဉ်။

(၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနွှောဖလှယ်ပွဲ အကြိုဂုဏ်ပြုဆောင်းပါး

ပညာရပ်ချင်းဖလှယ်လို့ တိုင်းရင်းဆေးကဏ္ဍမြှင့်တင်စို့

နေနေနိုင်ရည်၊ နန်းခင်ထွေး
(တိုင်းရင်းဆေးပညာဦးစီးဌာန)



"(၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကြီးက မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောကဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးနိုင်မည့် ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည်"

မြန်မာ့တိုင်းရင်းဆေးပညာသည် တကောင်း၊ သရေခေတ္တရာ၊ ပုဂံ၊ ပင်းယ၊ အင်းဝ၊ ကုန်းဘောင် စသည့် ခေတ်ကာလများကတည်းက သမိုင်းအထောက်အထားခိုင်မာစွာတည်ရှိခဲ့သည့် အမျိုးသားရေးအမွေအနှစ် ဆေးပညာတစ်ရပ် ဖြစ်ပါသည်။

ရှေးမြန်မာများက မြန်မာ့ရေမြေတောတောင် သဘာဝအလျောက် ပေါက်ရောက်နေသော မြန်မာ့ဆေးဖက်ဝင်အပင်များဖြင့် ဆေးဝါးများ ဖော်စပ်သုံးစွဲပြီး ကျန်းမာခဲ့ကြ၊ အသက်ရှည်ခဲ့ကြ၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်ခဲ့ကြရာ ယနေ့ထိတိုင် မြန်မာ့တိုင်းရင်းဆေးဂုဏ်ရောင် ထွန်းတောက်လျက်ရှိပါသည်။ ယခု မျက်မှောက်ခေတ်တွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် သမိုင်းအစဉ်အလာကြီးများပြီး အဖိုးထိုက်တန်လှသော မြန်မာတို့၏ ရိုးရာအမွေအနှစ်ဖြစ်သည့် တိုင်းရင်းဆေးပညာကို ခေတ်နှင့်အညီ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်နိုင်ရန်အတွက် နှစ်စဉ် ညီလာခံများကျင်းပပေးကာ အားပေးချီးမြှောက်လျက်ရှိပါသည်။

(၂၅)ကြိမ်မြောက် ဌေးထုတ်အခမ်းအနား

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို ၂၀၀၀ ပြည့်နှစ်မှစတင်၍ ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၂၅)ကြိမ်မြောက် ဌေးထုတ်အခမ်းအနား သို့ ရောက်ရှိလာပြီဖြစ်ပါသည်။ ယခုလို ညီလာခံများ အောင်မြင်စွာကျင်းပနိုင်ရခြင်းသည် နိုင်ငံတော်အစိုးရအဆက်ဆက်၏ တိုင်းရင်းဆေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းဆေးပညာဦးစီးဌာန၏ အားထုတ်ကြိုးပမ်းမှု၊ တိုင်းရင်းဆေးသမားတော်များနှင့် နိုးနွှယ်ပညာရှင်များ၏ ပိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်မှုတို့ကြောင့် ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်မည့် (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကို မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထု၏ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ခေတ်မီနည်းပညာများကို အသုံးပြု၍ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ၏ ဂုဏ်သိက္ခာကို ပိုမိုမြင့်တင်နိုင်ရေးနှင့် ကျင့်ဝတ်လိုက်နာမှု ပိုမိုတိုးတက်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ရိုးရာတိုင်းရင်းဆေးပညာနည်းစနစ်များကို ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အဆိုပါ (၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကို သုံးရက်တိုင် ကျင်းပသွားမည် ဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့တွင် အကြည်ညိုနိုင်းဆွေးနွေးပွဲကို တိုင်းရင်းဆေးပညာဦးစီးဌာန ရုံးအမှတ် (၄-ဂ) တွင် လည်းကောင်း၊ ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတို့ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1) တွင် လည်းကောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရုံးအမှတ်(၄-ဂ)တွင် လည်းကောင်း ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

(၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် ညီလာခံ၏ အဓိက အသက်သွေးကြောဖြစ်သည့် တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အချက်များကို အဆိုပြုတင်သွင်း ဆွေးနွေးကြမည် ဖြစ်ပါသည်။ အဆိုများတင်သွင်းရန်နှင့် ပတ်သက်၍ တက်ရောက်လာကြသော တိုင်းရင်းဆေးသမားတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်တော်များနှင့် နိုးနွှယ်ပညာရှင်များမှ တိုင်းရင်းဆေးပညာ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏အတွေ့အကြုံ၊ အတွေးအခေါ် အယူအဆများကို ဝိုင်းဝန်းဆွေးနွေးကြမည်ဖြစ်ပြီး ထိုအဆိုပြုချက်များမှ ထွက်ပေါ်လာမည့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

ဆက်လက်၍ မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲတွင် ရိုးရာတိုင်းရင်းဆေးကုထုံး နည်းစနစ်များနှင့် ဆေးဝါးများအား လက်တွေ့အသုံးချနိုင်ရေးနှင့် စနစ်တကျ ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းဆေးဆရာများက ဒေသအလိုက်ရိုးရာတိုင်းရင်းဆေးကုထုံးများ၊ ဆေးဝါးများ၊ ဒေသပေါက်ဆေးဖက်ဝင်အပင်များနှင့်ဆေးအသုံးများ၊ တိုင်းရင်းသားလူမျိုးများ၏ လက်တွေ့နယ်ပယ်တွင် ဘိုးဘွားအစဉ်အဆက် လက်ဆင့်ကမ်းလာသော ကုထုံးများနှင့် ပတ်သက်သော စာတမ်းများအား ဖတ်ကြားကြမည် ဖြစ်ပါသည်။

စာတမ်းဖတ်ပွဲတွင် မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ညီလာခံကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် နိုးနွှယ်ပညာရှင်ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးကြမည် ဖြစ်ပါသည်။ ထိုကဲ့သို့ဆွေးနွေးခြင်းမှ ရရှိလာသော ပညာရပ်ဆိုင်ရာကုထုံးများ၊ ဆေးဝါးများကို ခေတ်နှင့်အညီ ဖော်ထုတ်ဆောင်ရွက်ခြင်းဖြင့် ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုအတွက် အထောက်အကူကောင်းများ ရရှိမည် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးတွင် နည်းပညာများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းဆေးပညာရပ်ခွဲနှင့် ဆေးဝါးထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။ ယခု ညီလာခံနှင့် နိုးနွှောဖလှယ်ပွဲများ ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာနည်းစနစ်များ ပိုမို ဖွံ့ဖြိုးတိုးတက်လာကာ ဘေးအန္တရာယ်ကင်းရှင်းပြီး အာနိသင်ထက်မြက်သော တိုင်းရင်းဆေးဝါးများကို စံချိန်စံညွှန်းနှင့်အညီ စနစ်တကျ ထုတ်လုပ်နိုင်ရန် အထောက်အပံ့ကောင်းများရလာနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူလူထု၏ ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်ရာတွင် ပိုမို ထိရောက်သောကုထုံးများ၊ ဆေးဝါးများနှင့် စောင့်ရှောက်မှုပေးနိုင်မည်ဖြစ်ပြီး အနာဂတ် တိုင်းရင်းဆေးလောကနှင့် နောင်လာနောက်သားများ၊ မျိုးဆက်သစ်များအတွက် အကျိုးကျေးဇူးများစွာရရှိမှာ ဖြစ်ပါသည်။

ထို့ကြောင့် (၂၅) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကြီးတွင် အတွေ့အကြုံရင့်ကျက်သော တိုင်းရင်းဆေးသမားတော်ကြီးများ၏ လက်တွေ့ကုထုံးများ၊ အကြံဉာဏ်များ၊ အတွေးအခေါ်များကို မျိုးဆက်သစ်တိုင်းရင်းဆေးပညာရှင်များက လက်ဆင့်ကမ်းအမွေခံယူ၍ အတွေ့အကြုံအခြေပြု ဆေးပညာမှသည် အထောက်အထားအခြေပြု ဆေးပညာ (Experience- Based Medicine to Evidence-Based Medicine) သို့ ဖြစ်လာစေရန် သိပ္ပံနည်းကျတွေးခေါ်မှုများနှင့် ပေါင်းစပ်ကာ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်နိုင်ရန် ဆွေးနွေးဖလှယ်ကြမည် ဖြစ်ပါသည်။ ထို့အပြင် (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာ နီးနွှောဖလှယ်ပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာန၏ ပြခန်းများ၊ ပုဂ္ဂလိက တိုင်းရင်းဆေးဝါးထုတ်လုပ်သူများ၏ မြန်မာ့တိုင်းရင်းဆေးဝါးပြခန်းများကိုလည်း ခင်းကျင်းပြသသွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ (၂၅)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာနီးနွှောဖလှယ်ပွဲကြီးက မြန်မာ့တိုင်းရင်းဆေးသမားတော်များ၏ စည်းလုံးညီညွတ်မှုကို ပြသသည့် ပြယုဂ်တစ်ခုဖြစ်သည်နှင့်အညီ တိုင်းရင်းဆေးလောက ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်သစ်များ၊ အတွေးအခေါ်သစ်များ ဖော်ဆောင်ပေးနိုင်မည့် ညီလာခံတစ်ရပ်အဖြစ် မြင်တွေ့ရမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ အားပေးချီးမြှောက်မှု၊ ကျန်းမာရေးဝန်ကြီးဌာန၏ ပံ့ပိုးမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာန၏ အားထုတ်ကြိုးပမ်းမှုတို့ဖြင့် ယခုနှစ်ကျင်းပမည့်ညီလာခံသို့ တက်ရောက်လာကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ညီလာခံကိုယ်စားလှယ်တော်ကြီးများနှင့် နိုးနွှယ်ပညာရှင်များက မိမိတို့ တိုင်းရင်းဆေးလောက ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်၊ ပြည်သူလူထု၏ကျန်းမာရေးကို တိုင်းရင်းဆေးဖြင့် စောင့်ရှောက်မှုပေးရာတွင် ပိုမိုအားထားရသည့် အခန်းကဏ္ဍတစ်ခုအဖြစ် အရှိန်အဟုန်ဖြင့် ဆက်လက်တိုးတက်စေရန်ရည်ရွယ်၍ ဤဆောင်းပါးဖြင့် ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

အိမ်တွင်းသုံးရေ ချွေတာရေး

ရေချိုးချိန်နှင့် နေ့စဉ် ရေသုံးစွဲမှုကို လျှော့ချပါ၊ သွားတိုက်နေစဉ်၊ မျက်နှာသစ်နေစဉ်နှင့် ပန်းကန်ဆေးကြောနေစဉ် အတွင်း ရေပိုက်ခေါင်းကို အမြဲပိတ်ထားပါ။



သုံးရေ ချွေတာသုံးစွဲရေး

ခြောက်သွေ့မှုဒဏ် ခံနိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။ မိမိတို့၏ဥယျာဉ်ခြံတွင် ရေနည်းနည်း ဖြင့် ရှင်သန်နိုင်သော အပင်များကို ရွေးချယ်စိုက်ပျိုးပါ။



အိမ်တွင်းသုံးရေ ချွေတာရေး

အသုံးပြုပြီးသည့်ရေကို ပြန်လည် သုံးစွဲနိုင်ရန်စီစဉ်ပါ။ (ဥပမာ- ဟင်းသီး ဟင်းရွက် ဆေးကြော ထားသော ရေများ။ ဆန်ဆေးရည် များကို အပင်ရေလောင်းရာတွင် ပြန်လည်အသုံးပြုပါ။)



ရွှေတိဂုံစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့တွင် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြုင်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

တန်ဆောင်မုန်းလပြည့်အခါသမယ နေ့ထူးနေ့မြတ်တွင် မသိုးရွှေကြာသင်္ကန်းကပ်လှူပူဇော်နိုင်ရန် ရန်ကုန်မြို့ရှိ လေးဆူဆောတံပို ရွှေတိဂုံစေတီတော်မြတ်ကြီး၌ (၃၈) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့ညနေ ၄ နာရီတွင် စေတီတော်ရာဟုထောင့်အောင်မြေ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ယှဉ်ပြိုင်ရက်လုပ်ကြမည့် ပြိုင်ပွဲဝင်များက စေတီတော်ရေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်းစုရုပ်မှစတင်ကာ ရွှေတိဂုံစေတီတော်မြတ်ကြီးကို လက်ယာရစ်တစ်ပတ်လှည့်လည် ပူဇော်ကြသည်။

ဆက်လက်၍ မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲဖွင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဇယမင်္ဂလာစာတမ်းကိုဖတ်ကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များ၏ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၉ စင် ပါဝင်ယှဉ်ပြိုင်ရက်လုပ်ပူဇော်ကြပြီး ပြိုင်ပွဲတွင် ပထမဆု ငွေကျပ် ၄၅ သိန်း၊ ဒုတိယဆုငွေကျပ်သိန်း ၄၀၊ တတိယဆု ငွေကျပ် ၃၅ သိန်း၊ စတုတ္ထဆုငွေကျပ် သိန်း ၃၀ နှင့် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်သိန်း ၂၀ စီအပြင် ဆုဖလား တစ်ခုစီ ချီးမြှင့်သွားမည်ဖြစ်သည်။





ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ရင်ပြင်တော်ပေါ်ရှိ တိုးချဲ့မမှုရင်ပြင်၌ကျင်းပသည့် (၄၂) ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲဖွင့်ပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကာ ပြိုင်ပွဲဝင် ရက်ကန်းစင်တော်များ၏ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေး၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ပါဝင် ယှဉ်ပြိုင်ရက်လုပ်ကြပြီး ပထမဆုငွေကျပ်သိန်း ၂၀၊ ဒုတိယဆုငွေကျပ် ၁၅ သိန်း၊ တတိယဆု ငွေကျပ် ၁၀ သိန်း၊ စတုတ္ထဆုငွေကျပ် သိန်း ၃၀ နှင့် နှစ်သိမ့်ဆု ၁၃သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ၅ သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ညနေပိုင်းတွင်သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ (၂၆) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲကို အဆိုပါစေတီတော် ရင်ပြင်၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့ အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ဝဲပုံ)**

ပြိုင်ပွဲကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးကြပြီး ရက်ကန်းစင်တော်များ အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ရက်ကန်းစင်တော်ခုနစ်စင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ၈ သိန်း၊ တတိယဆု ငွေကျပ် ၆ သိန်း၊ နှစ်သိမ့်ဆု ငွေကျပ် ၅ သိန်းစီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါစေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်သည့် မသိုးရွှေကြာသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့အရာဏ်ဦးတွင် စေတီတော်နှင့် စေတီတော် ပရိဝုဏ်ရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဆက်ကပ်လှူဒါန်းသွားကြမည်ဖြစ်ကြောင်း သိရသည်။

ဓော်မင်းလတ်(MNA)

ဖလမ်းမြို့ရှိ တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် ခရိုင်ဥပဒေရုံး RC သုံးထပ် အဆောက်အအုံ ပြန်လည်ပြုပြင်နေပြီး မြို့နယ်ဥပဒေရုံးယာယီဖွင့်လှစ်ထားရှိရန် စီမံဆောင်ရွက်

ဖလမ်း နိုဝင်ဘာ ၂၃

ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဖလမ်းမြို့ရှိ တစ်စိတ်တစ်ပိုင်း ပျက်စီးသည့် ခရိုင်ဥပဒေရုံး RC သုံးထပ် အဆောက်အအုံ ပြန်လည်ပြုပြင်နေပြီး မြို့နယ်ဥပဒေရုံး ယာယီဖွင့်လှစ်ထားရှိရန် စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပြင်ဆင်မှုလုပ်ငန်းများကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ကျော်ဟန်သည် ယနေ့ နံနက်ပိုင်းတွင် ချင်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးခင်မောင်ထွေး၊ ချင်းပြည်နယ်အတွင်း ပြန်လည် ထူထောင်ရေးနှင့် ပြန်လည် တည်ဆောက်ရေး ကော်မတီဝင်



များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဆယ်တင်ပစ္စည်းများ အလေအလွင့်မရှိစေရေး စနစ်တကျ သိမ်းဆည်းထားရှိရန်နှင့် လုပ်ငန်း အရည်အသွေး ပြည့်မီစေရေး အလေးထား ဆောင်ရွက်ရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ဆက်လက်၍ တစ်စိတ် တစ်ပိုင်းပျက်စီးသည့် ခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး နေအိမ်နှင့် ရုံးအဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်မှု၊ မြို့မတင်းနစ်ကွင်းနှင့် အလုံးစုံပျက်စီးသွားသည့် အားကစားရုံနေရာ၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ဖလမ်း မြို့နယ် မြေစာရင်းဦးစီးဌာနရုံး အဆောက်အအုံ ပြုပြင်ပြီးစီးမှုနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု ကိုကြည့်ရှုစစ်ဆေးပြီး မြေစာရင်း အရှုပ်အရှင်းများ မရှိစေရေး လိုအပ်သလို ကွင်းဆင်းဆောင်ရွက်ရန်၊ မြေပုံမြေရာဇဝင်စာရင်းများ စနစ်တကျပြုစုထားရှိရန် ပေါင်းစပ်ညှိနှိုင်းမှာကြားသည်။

ထို့ပြင် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ တစ်ထပ် ပြုပြင်ပြီးစီးမှုနှင့် ဝန်ထမ်းများအခြေချနေထိုင်မှုအခြေအနေ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအဆောက်အအုံ ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

နိုင်ငံတကာတရားရုံး(ICJ) ၏ ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ အပြီးသတ်စီရင်ချက်အပေါ် မြန်မာနိုင်ငံစာရေးဆရာအသင်းက ပြင်းထန်စွာကန့်ကွက်ရှုတ်ချခြင်း

၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူမျိုးသုဉ်းသတ်ဖြတ်မှုများ ရှိခဲ့သည်ဟုဆိုပြီး မြန်မာနိုင်ငံအပေါ် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားစွဲဆိုထားသည့်အမှုကို ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့တွင် အပြီးသတ်အမိန့်ချမှတ်ခဲ့ရာ (genocide) လူမျိုးသုဉ်းသတ်ဖြတ်မှု မြောက်သည်ဟု (ICJ) တရားရုံးက တစ်ဖက်သတ်ဆုံးဖြတ်ချက် အမိန့်ချမှတ်ခဲ့ပါသည်။

၂။ အဆိုပါအမှုဖြစ်စဉ်နှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် လူမျိုးသုဉ်းသတ်ဖြတ်ခဲ့ခြင်းမရှိဘဲ ပဋိပက္ခဖြစ်ပွားစဉ်အတွင်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သည့် ဒေသခံတိုင်းရင်းသားများနှင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေခဲ့ကာ ဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက်သမားများအား တုံ့ပြန်ခဲ့သည့် စစ်ဆင်ရေးတစ်ခုသာဖြစ်သည်။ အကြမ်းဖက်အဖွဲ့ဖြစ်သည့် ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်သတ်ဖြတ်မှုများကြောင့် မြို့ရွာအိုးအိမ်များ ပျက်စီးခဲ့ရပါသည်။ ဒေသတွင်းနေထိုင်သူများနှင့် ဘင်္ဂလီများ နေရပ်စွန့်ခွာထွက်ပြေးခဲ့ရသည်ဖြစ်စဉ်များကို မှတ်တမ်းမှတ်ရာများဖြင့် တိကျစွာ လျှောက်လဲတင်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ အဆိုပါဖြစ်စဉ်များနှင့်ပတ်သက်၍ မြန်မာနိုင်ငံအနေဖြင့် မတရားစွပ်စွဲခံရခြင်းသာဖြစ်ပါသည်။ အပြီးသတ်အမိန့်မချမှတ်ခင် ကြားဖြတ်အမိန့်များ ချမှတ်စဉ်ကတည်းက ညွှန်ကြားချက်များကို တိကျစွာ နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့သည်။ ယခုကိစ္စရပ်နှင့်ပတ်သက်၍ အပြီးသတ်အမိန့်ချမှတ်ခဲ့ရာတွင် တရားသူကြီး ၁၅ ယောက်တွင် တရားသူကြီး ၉ ယောက်က သဘောတူညီခဲ့ပြီး တရားသူကြီး ၆ ယောက်က သဘောမတူဘဲ ကန့်ကွက်ခဲ့သည်။ တရားသူကြီးအားလုံးက ဆုံးဖြတ်ခဲ့ခြင်း မဟုတ်ကြောင်း သိရှိရပါသည်။ (ICJ)တရားရုံး၏ ဆုံးဖြတ်ချက်သည် တရားမျှတမှု လုံးဝမရှိကြောင်း ထင်ရှားပေါ်လွင်ပါသည်။

၄။ သို့ဖြစ်ပါ၍ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ရေရှည်အကျိုးစီးပွားအတွက် ပြည်တွင်းရေးကိစ္စကို မြန်မာနိုင်ငံရှိ တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းသွားမည်ဖြစ်ပြီး အပြီးသတ်အမိန့်ချမှတ်ခဲ့သည့်အမှုသည် တရားမျှတမှု လုံးဝ(လုံးဝ) မရှိပါသဖြင့် မြန်မာနိုင်ငံစာရေးဆရာအသင်းအနေဖြင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

မြန်မာနိုင်ငံစာရေးဆရာအသင်း

တောင်ကြီးမြို့ကျက်သရေဆောင် စူဋ္ဌာမုနိလောကချမ်းသာစေတီတော် ရင်ပြင်တွင် မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ



တောင်ကြီး နိုဝင်ဘာ ၂၃

တောင်ကြီးမြို့ ကျက်သရေဆောင် စူဋ္ဌာမုနိလောကချမ်းသာ စေတီတော်ရင်ပြင်တွင် ယနေ့ ညနေပိုင်းက တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပသည်။

ဖွင့်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးနှင့် ဇနီး၊ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက မသိုးသင်္ကန်း ရက်လုပ်ပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကိန္နရီ၊ ကိန္နရာ တိုးနယား အကအဖွဲ့နှင့် အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးက တိုင်းရင်းသား တိုင်းရင်းသူများကို ဂုဏ်ပြုဆုငွေများချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဓမ္မဒိန္နာစင်တော်နှင့် ဂေါတမီစင်တော်တို့တွင် မသိုးသင်္ကန်းရက်လုပ်နေမှု၊ သုဇာတာစင်တော်၊ သမာဝတီစင်တော်နှင့် ဝိသာခါစင်တော်တို့တွင် မသိုးသင်္ကန်း ရက်လုပ်နေမှု၊ ကြာရိုးမှ ကြာချည်ထုတ်လုပ်နေမှုနှင့် ကြာသင်္ကန်း သရုပ်ပြစင်တွင် ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ၂၀၂၆ ခုနှစ် ကမ္ဘာ့သစ်တောလုပ်ငန်းဆိုင်ရာညီလာခံ ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် နိုဝင်ဘာ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့သစ်တောလုပ်ငန်းဆိုင်ရာညီလာခံသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြသည်။

ညီလာခံဖွင့်ပွဲတွင် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုပ်ချုပ်ရေးမှူး မစ္စတာ ငေ့ထောင်၊ အမျိုးသားသစ်တောနှင့် မြက်ခင်းပြင်စီမံအုပ်ချုပ်ရေးဌာန အုပ်ချုပ်ရေးမှူး မစ္စတာလီယွင်ချင်းနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့(FAO)မှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဝူကျစ်မင်တို့က အဖွင့်အမှာစကားပြောကြားပြီး ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စ ဆွေ့ကော်ဟွာက ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောစက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမှုအကြောင်းကို ရှင်းလင်းတင်ပြသည်။

မွန်းလွဲပိုင်းတွင် ၂၀၂၆ ခုနှစ် ကမ္ဘာ့သစ်တောလုပ်ငန်းဆိုင်ရာညီလာခံ၏ တရုတ်-အာဆီယံ သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒုတိယအုပ်ချုပ်ရေးမှူး မစ္စဆွေ့ကော်ဟွာ၊ ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ဦး၊ တရုတ်-အာဆီယံဗဟိုဌာနမှ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ကျန်းလီကျုံးနှင့် အာဆီယံအတွင်းရေးမှူးရုံးမှ အကြီးတန်းအရာရှိ မစ္စတာ ဒီယံစူမာဂျာယာတို့က အဖွင့်အမှာစကားပြောကြားကြသည်။

ဒုတိယဝန်ကြီးက မြန်မာနိုင်ငံသည် သစ်တောသယံဇာတပေါကြွယ်ဝပြီး နိုင်ငံဧရိယာ၏ ၄၁ ဒသမ ၁၅ ရာခိုင်နှုန်း သစ်တောများဖြင့် ဖုံးလွှမ်းလျက်ရှိပါကြောင်း၊ မြန်မာ့သစ်တောမူဝါဒ၊ ဥပဒေများနှင့် အညီ နှစ်တိုင်းနှစ်ရှည်စီမံကိန်းများရေးဆွဲပြီး သစ်တောများရေရှည်တည်တံ့စေရန် စနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းဂေဟစနစ်အလိုက် သစ်တောစိုက်ခင်းအမျိုးမျိုးကို စိုက်ပျိုးတည်ထောင်လျက်ရှိသကဲ့သို့ သစ်အခြေခံစက်မှုလုပ်ငန်းများ၊ တန်ဖိုးမြင့်ထုတ်ကုန်များ၊ ခေတ်မီပရိဘောဂများ၊ အင်ဂျင်နီယာနည်းပညာဖြင့် ထုတ်လုပ်သော သစ်သားထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးကိုကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား သုတေသနနှင့် ဆန်းသစ်တီထွင်မှုများ၊ ဉာဏ်ရည်ဘုကုသည်းပညာ(AI)ကဲ့သို့ ခေတ်မီနည်းပညာများ၊ အတွေ့အကြုံများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ရာသီဥတုနှင့် သဘာဝဘေးအန္တရာယ်များကို ပိုမိုကြံ့ကြံခံနိုင်သော လူမှုအသိုက်အဝန်းများနှင့် ရေရှည်တည်တံ့သည့် သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးတွင် ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများ၏ အရေးပါလာသောအခန်းကဏ္ဍ၊ ရေရှည်တည်တံ့သော သစ်တောစီမံအုပ်ချုပ်မှုနှင့် နယ်စပ်ဖြတ်ကျော် ဂေဟစနစ်လုံခြုံစိတ်ချမှုအစီအစဉ်များကို သက်ဆိုင်ရာပညာရှင်များက တင်ပြဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနတွင် ခင်းကျင်းပြသထားသော သစ်တောထွက်ပစ္စည်း၊ ပြခန်းများနှင့် သစ်တောစီမံအုပ်ချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် ခေတ်မီစက်ပစ္စည်း၊ ပြခန်းများကို လိုက်လံကြည့်ရှုပြီး နန်နင်းမြို့အနီး နန်နင်းဂေဟစနစ်ထိန်းသိမ်းရေးဥယျာဉ်(ချင်ရှိရှုမ်း)သို့ သွားရောက်လေ့လာသည်။

၂၀၂၆ ခုနှစ် ကမ္ဘာ့သစ်တောလုပ်ငန်းဆိုင်ရာညီလာခံသို့အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဆင့်မြင့်အရာရှိကြီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားသစ်တောနှင့် မြက်ခင်းပြင်စီမံအုပ်ချုပ်ရေးဌာန အုပ်ချုပ်ရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သစ်တောဗျူရို ညွှန်ကြားရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ တရုတ်သိပ္ပံအကယ်ဒမီ(CAS)မှ ပါမောက္ခများနှင့် သုတေသီများ၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)နှင့် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်(UNEP)တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အာရှပစိဖိတ်သစ်တောများ ပြန်လည်တည်ထောင်ခြင်းဆိုင်ရာကွန်ရက် (APFNet) မှ အမှုဆောင်ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာအုပ်ပိုင်းဒေသသစ်နှင့်ဆိုင်သောအဖွဲ့အစည်း(ITTO)မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သစ်တောထွက်ပစ္စည်းဆိုင်ရာပုဂ္ဂလိကကုမ္ပဏီများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



◆ ကျောပုံမှ

ပြိုင်ပွဲမှထွက်ခွာခဲ့ရပြီးနောက် ယခုအဆင့်သို့ တက်ရောက်နိုင်သည့် အာဆီယံနိုင်ငံများတွင် မြန်မာ၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သာ ကျန်ရှိတော့သလို အာရှနိုင်ငံများအနေဖြင့်လည်း ထိုသုံးနိုင်ငံနှင့် ဂျပန်နိုင်ငံ စုစုပေါင်း လေးနိုင်ငံသာ ဤအဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ SSL Class အမျိုးအစား ရွက်လေ့များနှင့် စတင်လေ့ကျင့်ခွင့်ရရှိခဲ့သည်မှာလည်း ၂၀၂၅ ခုနှစ် နိုဝင်ဘာလမှသာဖြစ်သဖြင့် ယှဉ်ပြိုင်မှုပြင်းထန်သော ဤနိုင်ငံတကာရွက်လေ့အမျိုးအစားတွင် အသင်း၏ အတွေ့အကြုံသည် တစ်နှစ်ခန့်သာ ရှိသေးကြောင်း၊ ၁၉၂၄ ခုနှစ်တွင် ရန်ကုန်ရွက်လေ့အသင်းကို တည်ထောင်ခဲ့ရာမှ အစပြုသည့် ရွက်လေ့အားကစားအစဉ်အလာကို ဆက်လက်ထိန်းသိမ်းရင်း ၂၀၂၆ ခုနှစ်တွင် နိုင်ငံတကာ SSL ပြိုင်ပွဲစင်မြင့်၌ အောင်မြင်စွာ ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြင့် အားကစားသမိုင်းတွင် အရေးပါသော သိရသည်။

ရှေ့ခြေလှမ်းတစ်ရပ်ကို တက်လှမ်းနိုင်ခဲ့ပြီဖြစ်ကြောင်း

သတင်းစဉ်

✧ ကျောပုံမှ

ထို့အပြင် ၎င်းသည် ရာသီပိတ်ဖလားကို ဆွတ်ခူးနိုင်သည့် တတိယမြောက် စပိန်တင်းနစ်ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

၎င်းသည် ယခုဗိုလ်လုပွဲစဉ်တွင် နိုင်ပွဲရရှိမှုကြောင့် အဓိကဆုဖလားကြီး ဆွတ်ခူးနိုင်မှု စုစုပေါင်း ၁၇ လုံးအထိရှိလာပြီး အဓိကပြိုင်ဘက် ဆင်းနား၏ စံချိန်နှင့် တူညီသွားခဲ့ပြီဖြစ်သည်။ ဗီယင်နာအိုးပင်း၊ ပါရီမာစတာစ်ပြိုင်ပွဲတို့တွင် ဖလားဆွတ်ခူးထားသော အယ်ကာရက်ဇ်သည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲသုံးခု ဆက်တိုက် ဖလားဆွတ်ခူးနိုင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်၊ အယ်ကာရက်ဇ်သည် လက်ရှိတွင် ဓဗဲရက်ဒ်၊ ဆင်းနားတို့ပြီးနောက် ကမ္ဘာ့အဆင့် (၃)တွင် ရပ်တည်နေသည်။

အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် သီယိုအာရီဘာဂ်နှင့် အယ်လ်ဘာနီအိုလီဗက်တီအတွဲက မာဆယ်လို အာရီဗာလိုနှင့် မာတေပါဗစ်ချ်အတွဲကို အကြိတ်အနယ်ယှဉ်ပြိုင်ပြီး ၃-၆၊ ၇-၆ (၇-၂)၊ ၁၀-၆ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ ဖလားဆွတ်ခူးနိုင်ခဲ့သည်။

အောင်စော်

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၇) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်ပူဇော်ခြင်း ဖွင့်ပွဲကျင်းပ

မန္တလေး နိုဝင်ဘာ ၂၃

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၇) ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီးတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက မသိုးမြတ်သင်္ကန်းတော် ရက်လုပ်လှူဒါန်းပူဇော်မှု အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်ပါဖတ်မှစတင်၍ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ ရက်ကန်းပညာရှင်၊ စက်ချုပ်ပညာရှင်နှင့် လုပ်အားဒါနပြုအဖွဲ့ကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း(ယာပုံ)နှင့် အဆိုပါမသိုးမြတ်သင်္ကန်းတော်အား ညတွင်းချင်းရက်လုပ်၍ တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၂၄ ရက်) နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား ကပ်လှူလွှမ်းခြုံပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



စစ်ကိုင်းတိုင်းဒေသကြီး (၃၇)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကျင်းပ

မုံရွာ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး (၃၇)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့ အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက်က မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီရုံးဝင်း အတွင်းရှိ မြသလွှာခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့မှ ကာကွယ်ပေးရန် ဖြစ်ပါကြောင်း၊ ကလေးသူငယ်များအား နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ သက်ငယ်မှမိမိနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်းများနေ့) အခမ်းအနားတွင် နိုဝင်ဘာ ၂၀ ရက် နံနက်က မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီရုံးဝင်း အတွင်းရှိ မြသလွှာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကလေးသူငယ်များအား အကြမ်းဖက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ လျစ်လျူရှုခြင်း၊ ခေါင်းပုံဖြတ်ခြင်းတို့မှ ကာကွယ်ပေးရန် ဖြစ်ပါကြောင်း၊ ကလေးသူငယ်များအား နည်းလမ်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်း၊ သက်ငယ်မှမိမိနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုလုပ်ခြင်း၊ စနစ်တကျ ပြုစုစောင့်ရှောက်မှု မပြုဘဲ လျစ်လျူရှုခြင်း၊ စီးပွားရေးအရ လုပ်အားခေါင်းပုံဖြတ်ခြင်းတို့အပြင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အနှိုင်ကျင့်ခြင်းနှင့် နှိပ်စက်ခြင်းတို့မှ ကင်းဝေးအောင် မိဘ၊ ရပ်ရွာ၊ ပတ်ဝန်းကျင်တို့မှ ပူးပေါင်း ကာကွယ်စောင့်ရှောက်သွားကြရန် လိုအပ်ပါကြောင်း၊ ကလေးသူငယ်များသည် မိမိတို့နိုင်ငံအနာဂတ်၏ လူစွမ်းအား အရင်းအမြစ်များ ဖြစ်သည်နှင့် အညီ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပါကြောင်း၊ ကလေးငယ်များအား ဖွံ့ဖြိုးမှုရရှိစေရန်နှင့် ကာကွယ်ပေးရန်တာဝန်များသည် လူတိုင်း တွင်တာဝန်ရှိပါကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးက ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက (၃၇)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် (ကမ္ဘာ့ကလေးများနေ့) Video Clip နှင့် မုံရွာမြို့ပေါ်ရှိ မူလတန်းကြိုကျောင်းများမှ ကျောင်းသားကျောင်းသူများ၏ တေးသီချင်းများဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးပြီး (ကမ္ဘာ့ကလေးများနေ့) အကြိုလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် မီးပုံးပျံအဖွဲ့များမှ အကောင်းဆုံးဆုရအသင်းများ ပေါ်ထွက်လာနိုင်ရေး အမှတ်ပေးဒိုင်ခုနစ်ဖွဲ့က အမှတ်ပေးစည်းမျဉ်းနှင့်အညီ နေ့စဉ်အကဲဖြတ်ပေးလျက်ရှိ

တောင်ကြီး နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်၏ ရိုးရာပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှ ၂၅ ရက်အထိ စည်ကား သိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ တောင်ကြီးတန်ဆောင် တိုင် မီးပုံးပျံပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့် မီးပုံးပျံအဖွဲ့များမှ အကောင်းဆုံးဆုရအသင်းများ ပေါ်ထွက်လာနိုင်ရေး အမှတ်ပေးဒိုင်ခုနစ်ဖွဲ့က အမှတ်ပေးစည်းမျဉ်းနှင့်အညီ နေ့စဉ်အကဲဖြတ်ပေးလျက်ရှိသည်။

၂၀၂၆ ခုနှစ် မီးပုံးပျံပြိုင်ပွဲတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ရိုးရာမီးပုံးပျံလွှတ်တင်ရေး ဒိုင်ချုပ်အဖွဲ့နှင့် ဒိုင်စည်းကမ်းအမှတ်ပေးအဖွဲ့အောက်တွင် မှူးခံခံအမှတ်ပေးအဖွဲ့၊ ပုံသဏ္ဌာန်အမှတ်ပေးအဖွဲ့၊ အတက်စံချိန်အမှတ်ပေးအဖွဲ့၊ သဘာဝရုပ်လုံးနှင့် စက္ခုပသာဒအမှတ်ပေးအဖွဲ့၊ ယမ်းခွေအလေးချိန် ချိန်တွယ်စစ်ဆေးရေးအဖွဲ့နှင့် တန်ဆာပလာအမှတ်ပေးအဖွဲ့ ဟူ၍ အမှတ်ပေးအဖွဲ့ခြောက်ဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားပြီး အမှတ်ပေးဒိုင်များက အဝေးရာမီးပုံးပျံကွင်း၌ နေ့စဉ်နေ့လွှတ်အရုပ်နှင့် ညလွှတ်မီးပုံးပျံများကို စောင့်ကြည့်အကဲဖြတ် အမှတ်ပေးလျက်ရှိသည်။

ယခုနှစ် မီးပုံးပျံပြိုင်ပွဲသည် ယခင်နှစ်များထက် ပြိုင်ပွဲဝင်မီးပုံးပျံ အလုံးရေများပြားပြီး ပြိုင်ဆိုင်မှုအားကောင်းသည့်အတွက် ပွဲတော်လာပြည်သူများက ပွဲတော်ရက်များအတွင်း နေ့စဉ်ကြိတ်ကြိတ်တိုးလာရောက်အားပေးလျက်ရှိသည်။

“မီးပုံးပျံပြိုင်ပွဲမှာ အရုပ်ဆိုရင် တစ်ရက်ကို ၄၅ လုံးနီးပါး လွှတ်တင်နေပါတယ်။ ဒီနှစ်မှာ ပြိုင်ပွဲဝင်နေ့လွှတ်အရုပ်ပေါင်း ၄၄၉ လုံး ရှိပါတယ်။ မနှစ်က အရုပ် ၂၀၀ ကျော်ပဲရှိခဲ့တာပါ။ ဒီနှစ်မှာ ၉ ရက်နဲ့ မလောက်လို့ နိုဝင်ဘာ ၁၃ ရက်နေ့ကစပြီး နေ့အရုပ် လွှတ်ပြိုင်ပွဲကို စတင်ခဲ့ရပါတယ်။ တောင်ကြီးမှာ မီးပုံးပျံပြိုင်ပွဲအစ နေ့အရုပ်လွှတ်တင်ရာကနေ စခဲ့တာပါ။ မီးနဲ့အရုပ်ကို လွှတ်တင်ခဲ့ရာကနေ မီးဆရာအစ အရုပ်ကလို့ စကားရှိခဲ့ပါတယ်။ မီးပုံးပျံအရုပ် လွှတ်တင်ရာကနေ စိန်နားပန်၊ မီးကြီးဆိုပြီး တဖြည်းဖြည်း တိုးတက်ပြောင်းလဲခဲ့ပါတယ်။ ဒီနှစ် ပြိုင်ပွဲဟာ စံချိန်တင်အလုံးရေများတဲ့အတွက် ပြိုင်ပွဲမှာ အမှတ်ပေးအဖွဲ့အနေနဲ့ အဖွဲ့ခြောက်ဖွဲ့က နေ့ညမပြတ် လွှတ်တင်ပေးနေပြီး သတ်မှတ်စည်းကမ်းနဲ့အညီ အမှတ်ပေးနေပါတယ်။ အထူးသဖြင့် အကောင်းဆုံးအသင်းတွေ ဆုရရှိရေးအတွက် အမှတ်ပေးဒိုင်တွေအနေနဲ့ အကဲဖြတ်ဆောင်ရွက်ပေးနေပါတယ်” ဟု ဒိုင်စည်းကမ်းအမှတ်ပေးအဖွဲ့ခေါင်းဆောင် မီးပုံးပျံပညာရှင် ဦးတင်ဝင်း(ပန်းချီ)က ပြောသည်။



ယနေ့ ကျင်းပသည့် နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် လင်ကောင်ပိုး၊ ဟသ်၁၊ ဘဲ၊ အချစ်ငှက်၊ ငန်း၊ ကြက်တူရွေး၊ စာကလေး၊ ရွှေဝါငှက်၊ သစ်တောက်ငှက်၊ ကြက်ဖ၊ ကာဒီနာငှက်နီ၊ တောဝက်၊ အာဖရိကဆင်၊ ဆူမို့၊ ဂေါ်ဇီလာ၊ ရွှေသမင်၊ ပုရွက်ဆိတ်စားဝက်၊ ကြွှေ၊ ခြင်္သေ့၊ နှင်းကျားသစ်၊ ဝက်ပံ၊ ရှဉ့်ကြွက်၊ ပန်ဒါ (၃) ကောင်၊ ကြက်(၃)ကောင်၊ ယုန်(၃)ကောင်၊ ဘဲ(၃) ကောင်၊ ပင်ဂွင်း(၃)ကောင်၊ ငှက်မင်းသား(၃)ကောင် အပါအဝင် သဘာဝအရုပ်မီးပုံးပျံ ၃၉ ခု၊ ညလွှတ် စိန်နားပန် မီးပုံးပျံပြိုင်ပွဲတွင် ချီခန့်(ငပျင်း)၊ ရွှေနမ့်စန်၊ ဇွဲထက်၊ Cherry Oo ၊ ရွှေအင်းသား၊ ညမီးကြိုးပြိုင်ပွဲတွင် ကောဝံနင်း၊ Nice Food ၊ ချီခန့်(ငပျင်း)၊ တောင်ပိုင်း၊ ရွှေစုန်၊ Cherry Oo ၊ Alpine သောက်ရေသန့်၊ ရွှေအင်းသား၊ မင်္ဂလာ၊ ဟူးဟားစွဲ့အသင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယနေ့သည် တန်ဆောင်မုန်းလပြည့် အဖိတ်နေ့ဖြစ်သည့်အတွက် တောင်ကြီးမြို့၌ နံနက်ပိုင်းတွင် ဌာနဆိုင်ရာများ၊ အခြေခံပညာကျောင်းများနှင့် ဒေသခံတို့၏ မြို့လုံးကျွတ် ဘုံကထိန်လှည့်လည်ပွဲကို လည်းကောင်း၊ ညနေပိုင်းတွင် စူဠဥမုနိလောက ချမ်းသာစေတီတော်၌ မသိုးသင်္ကန်းရက်လုပ် ယှဉ်ပြိုင်ပွဲကိုလည်းကောင်း ကျင်းပခဲ့ပြီး အထူးစည်ကားခဲ့ကြောင်း သိရသည်။ **ကိုထွေး၊ သစ္စာ၊ ဓာတ်ပုံ-ခွဲမာန်**

ရှမ်းပြည်နယ်၌ ပဲပုပ်သီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်

တောင်ကြီး နိုဝင်ဘာ ၂၃

ရှမ်းပြည်နယ်၌ ၂၀၂၆ - ၂၀၂၇ ခုနှစ်တွင် ပဲပုပ်သီးနှံကို ပန်းတိုင်သီးနှံအဖြစ် ပန်းတိုင်အထွက်နှုန်းရရှိရေး လျာထားဆောင်ရွက်နေကြောင်း ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ရှမ်းပြည်နယ်မှာ အဓိကသီးနှံ ၁၄ မျိုးကို စိုက်ပျိုးပါတယ်။ ဒီနှစ်မှာ ပဲပုပ်ကို ပန်းတိုင် သီးနှံအဖြစ် ထပ်တိုးသတ်မှတ်ပြီး ဆောင်ရွက်တာပါ။ ရှမ်းပြည်နယ်က ထွက်ရှိတဲ့ ပဲပုပ်ကို တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ပဲပုပ်ချဉ်၊ ဂျူးပဲပုပ်၊ တို့ဖူးအပါအဝင် ပဲပုပ်နဲ့ ပြုလုပ်တဲ့ စားသောက်ကုန်တွေကို ထုတ်လုပ်နိုင်ဖို့ သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်နေပါတယ်။ စိုက်ပျိုးထွက်ရှိတဲ့ ကုန်ကြမ်းတွေကနေ စားသောက်ကုန် ကုန်ချော ရရှိရေး၊ သဘာဝမြေဩဇာထုတ်လုပ်နိုင်ရေးနဲ့ စွမ်းအင်ကဏ္ဍအတွက် ထုတ်လုပ်နိုင်မယ်ဆိုရင် စိုက်ပျိုးတောင်သူတွေအတွက် ဝင်ငွေတွေ တိုးပွားလာမှာပါ" ဟု ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူး ဦးပြိမ်းထွန်းက ပြောသည်။

ရှမ်းပြည်နယ်တွင် စပါး၊ အစေ့ထုတ်ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ မတပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ ချဉ်မျှင်ရှည်ပါ၊ ချက်ကြံရင့်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ အာလူးနှင့် ပဲပုပ်တို့ကို အဓိကပန်းတိုင်သီးနှံများအဖြစ် စိုက်ပျိုးထားရှိပြီး ပဲပုပ်ကို ၂၀၂၆-၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံအဖြစ် ထပ်တိုးသတ်မှတ်ကာ ပန်းတိုင်အထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်နေခြင်းဖြစ်သည်။

၂၀၂၆-၂၀၂၇ ခုနှစ်တွင် ပန်းတိုင်သီးနှံ ၁၄ မျိုးဖြစ်သည့် မိုးစပါး လျာထားဧက ၁၂၅၅၈၃၁ တွင် ၃၁ ဒသမ ၅၄ ရာခိုင်နှုန်း၊ နွေစပါး လျာထားဧက ၃၆၃၂၀ တွင် ၄၈ ဒသမ ၇၉ ရာခိုင်နှုန်း၊ အစေ့ထုတ်ပြောင်း ဧက ၁၀၄၀၄၁၀ တွင် ၁၅ ဒသမ ၇၉ ရာခိုင်နှုန်း၊ မြေပဲ ၁၂၅၉၇၅ ဧကတွင် ၁၅ ဒသမ ၃၁ ရာခိုင်နှုန်း၊ နှမ်း ၃၈၄၁၈ ဧကတွင် ၄ ဒသမ ၀၉ ရာခိုင်နှုန်း၊ နေကြာ ၄၅၆၅၅ ဧကတွင် ၁၆ ဒသမ ၃၅ ရာခိုင်နှုန်း၊ ပဲတီစိမ်း ၁၄၃၁၆ ဧကတွင် ၂၂ ဒသမ ၆၃ ရာခိုင်နှုန်း၊ ပဲစင်းငုံ ၇၆၉၁၄ ဧကတွင် ၁၃ ဒသမ ၄၀ ရာခိုင်နှုန်း၊ ချဉ်မျှင်ရှည်ပါ ၁၃၅ ဧကတွင် ၂၆ ဒသမ ၆၇ ရာခိုင်နှုန်း၊ ချက်ကြံရင့် ၁၈၅၃၅၂ ဧကတွင် ၃၇ ဒသမ ၁၉ ရာခိုင်နှုန်း၊ ကြက်သွန်နီ ၁၆၃၈၅ ဧကတွင် ၁ ဒသမ ၂၅ ရာခိုင်နှုန်း၊ ကြက်သွန်ဖြူ ၅၆၀၆၉ ဧကတွင် ၈ ဒသမ ၇၇ ရာခိုင်နှုန်း၊ အာလူး ၅၄၄၃ ဧကတွင် ၅၃ ဒသမ ၅၆ ရာခိုင်နှုန်း၊ ပဲပုပ် ၁၉၀၅၁၂ ဧကတွင် ၁၉ ဒသမ ၉၅ ရာခိုင်နှုန်းနှင့် မတပဲ ၇၀၈ ဧကတွင် တစ်ဧကလျှင် ၁၇ ဒသမ ၉ တင်း ထွက်နှုန်းရရှိရန် လျာထားဆောင်ရွက်လျက်ရှိသည်။

အဆိုပါပန်းတိုင်သီးနှံများ စိုက်ဧကနှင့် အထွက်နှုန်း ပိုမိုတိုးတက်စေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ မျိုး၊ ရေ၊ မြေ၊ နည်းပညာလိုအပ်ချက်များကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ သစ္စာ(MNA)

အိမ်တွင်းသုံးရေ ချွေတာရေး



အဝတ်လျှော်ရာတွင် တစ်ထည်ချင်း/နည်းနည်းချင်းမလျှော်ဘဲ ပေါင်းလျှော်ပါ။ အဝတ်လျှော်စက်သုံးလျှင် တစ်ခါတည်း စုပြီးလျှော်ပါ။ ပန်းကန်ဆေးစက် အသုံးပြုရာတွင်လည်း စက်ကဆေးကြောနိုင်သည့် ပန်းကန်အရေအတွက်အထိစောင့်၍ စုစည်းဆေးကြောပါ။

သုံးရေ ချွေတာသုံးစွဲရေး နှိုးဆော်ချက်



သစ်ပင်များကို စနစ်တကျ စိုက်ပျိုးထိန်းသိမ်းခြင်းဟာ သဘာဝအတိုင်း ရေကို စုဆောင်းသိုလှောင်ပြီး ချွေတာရာ ရောက်သည့်အတွက် ရေရှည်တည်တံ့နိုင်စေရေး သစ်ပင်များအား စနစ်တကျ စိုက်ပျိုးထိန်းသိမ်းကြပါ။



မိုးရေကို စုဆောင်းအသုံးချပါ။ အပင်ရေလောင်းခြင်းနှင့် ဥယျာဉ်ခြံလုပ်ငန်းများအတွက် မိုးရေကို သိုလှောင်ရန် ရေစည်များ သို့မဟုတ် အခြားသော မိုးရေစုဆောင်းသည့် စနစ်များကို ကြံဆောင်ရွက်ပါ။

❏ *ကျောက်ဖိုမှ*

ရန်ကုန်စီးတီးအသင်းသည် ယခုပွဲစဉ်များအပြီး ငါးပွဲဆက်အနိုင်ရရှိထားကာ ရှုံးပွဲမရှိရလဒ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးနေရာမှ ဦးဆောင်နေပြီး စုဖွဲ့မှုကောင်းမွန်သည့် အကောင်းဆုံးခြေစွမ်းကို ထိန်းသိမ်းထားနိုင်ခဲ့သည်။ ရန်ကုန်စီးတီးအသင်းအတွက် အနိုင်ဂိုးများကို ၁၈ မိနစ်တွင် မြတ်ကောင်းခန့်နှင့် ၄၅ မိနစ်တွင် ရိုးရဂ်စ်တို့က သွင်းယူပေးခဲ့သည်။ AYA Pay ပွဲစဉ်အကောင်းဆုံးကစားသမားဆုကို ရန်ကုန်စီးတီးအသင်းမှ တိုက်စစ်မှူး သန်းတိုးအောင်က ရရှိခဲ့သည်။

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ခဲ့သည့် ပွဲစဉ်တွင် ဧရာဝတီယူနိုက်တက်အသင်းက ချင်းလန်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဧရာဝတီယူနိုက်တက်အတွက် ဂိုးများကို ၁၃ မိနစ်တွင် သူရမင်းသန့်၊ ၂၅ မိနစ်တွင် မောင်တော့ပ်နှင့် ၅၆ မိနစ်တွင် သော်ဇင်ကိုတို့က သွင်းယူခဲ့ပြီး ချင်းလန်းအသင်းအတွက် ချေပဂိုးများကို ၁၉ မိနစ်တွင် အာနန်ဖိလစ်နှင့် ၂၈ မိနစ်တွင် ဗန်ဟမ်မင်း ချွမ်ဂါတို့က သွင်းယူခဲ့ကြသည်။ ပွဲအစပိုင်းတွင် ချင်းလန်းအသင်းက အချိတ်အဆက်မိမိဖြင့်ကစားကာ ဂိုးပေါက်ကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း အဆုံးသတ်မသေချာမှု ကြောင့် ပွဲအပြီးတွင် သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ AYA Pay ပွဲစဉ် အကောင်းဆုံးကစားသမားဆုကို ဧရာဝတီယူနိုက်တက်မှ သော်ဇင်ကိုက ရရှိခဲ့သည်။

အပတ်စဉ်(၇) နောက်ဆုံးပွဲစဉ်ကို နိုဝင်ဘာ ၂၅ ရက်တွင် တောင်ကြီးကွင်း၌ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည် ဖြစ်သည်။

နေမျိုး၊ ဓာတ်ပုံ-ML

❍ *ကျောက်ဖိုမှ*

ယနေ့ပွဲစဉ်များတွင် အဆင့်(၂)နေရာမှ U-19 Team က ပျိုဝင်းသာယာအသင်းကို ကိုးဂိုး-နှစ်ဂိုး၊ Royal Pantra အသင်းက မင်္ဂလာဒုံစီးတီးအသင်းကို ၁၆ ဂိုး-ဂိုးမရှိ၊ Bushido Team အသင်းက Dagon Seikkan အသင်းကို သုံးဂိုး-နှစ်ဂိုးနှင့် YOMA FC က The Stars အသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့် အသီးသီး အနိုင်ရခဲ့သည်။

အပတ်စဉ်(၅) ပွဲစဉ်များအပြီးတွင် YRG FC က ၁၅ မှတ်၊ U-19 Team က ၁၃ မှတ်၊ Royal Pantra က ၁၂ မှတ်၊ YOMA FC က ၁၀ မှတ်၊ Pacific Sun Far က ကိုးမှတ်၊ Bushido Team က ကိုးမှတ်၊ The Stars၊ လှိုင်သာယာနှင့် မင်္ဂလာဒုံစီးတီးအသင်းတို့က သုံးမှတ်စီရရှိထားပြီး Dagon Seikkan အသင်းက ရမှတ်မရရှိသေးပေ။

နေမျိုး၊ ဓာတ်ပုံ-MFF

- ❏ ရေရှားမည့်ဘေး ရှောင်ရှားဖို့ ရေချိုအရင်းအမြစ်များကို ထိန်းသိမ်းစို့။
- ❏ ရေသည်အသက် ရေအသက်တစ်မနက်၊ မြေအောက်ရေကို ထိန်းသိမ်းပါ။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

❖ *ကျောက်ဖိုမှ*

ရထားဖြတ်သန်းစဉ် ရထားသံလမ်း၏ အနောက်ဘက်မှ ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် ရထားတွဲဆိုင်းပါ စက်ခေါင်းနောက် သုံးတွဲမြောက် အထက်တန်းတွဲ၏ ခုံ အမှတ် 9 A,B နှင့် 10 A,B အကြား ပြတင်းတံခါး ဘေးလေကာမှန် ကြေမွကွဲအက်မှု ဖြစ်ပွားခဲ့သည်။

စဉ့်ကိုင်ဘူတာသို့ ညနေ ၃ နာရီ ၄၁ မိနစ်တွင် ရောက်ရှိ၍ ရထားအား ရပ်တန့်စစ်ဆေးပြီး ညနေ ၄ နာရီ ၅ မိနစ်တွင် ဆက်လက်ထွက်ခွာခဲ့သဖြင့် ရထားကြန့်ကြာမှု ၂၄ မိနစ် ဖြစ်ပေါ်ခဲ့ကြောင်း၊ ခရီးသည်နှင့် ဝန်ထမ်း ထိခိုက်မှုမရှိကြောင်း သိရှိရသည်။

အဝင်ဖြစ်ပွားရာသို့ ရထားလိုက်လုံခြုံရေးရဲ ရဲတပ်ကြပ် ဦးစီးခြောက်ဦး၊ စဉ့်ကိုင်ရဲပိုင်နှင့် စဉ့်ကိုင်မြို့နယ် ရဲစခန်းမှ ဒုရဲအုပ်ဦးစီး သုံးဦးတို့သည် ညနေ ၄ နာရီ မိနစ် ၄၀ တွင် ရောက်ရှိစစ်ဆေးခဲ့ပြီး တရားခံအား ဖမ်းဆီးရမိရေး စဉ့်ကိုင်မြို့နယ်ရဲစခန်းတွင် အမှုဖွင့် ဆောင်ရွက်ခဲ့ရာ ယမန်နေ့ (နိုဝင်ဘာ ၂၂ ရက်)တွင် ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သူ စဉ့်ကိုင်မြို့နယ် မြို့သစ်ရပ်ကွက်နေ သန်းဇော်၊ အသက် (၅၈)နှစ် (ဘ)ဦးမြိုင်အား ဖမ်းဆီးရမိသဖြင့် စဉ့်ကိုင်မြို့မရဲစခန်း၌ (ပ)၇၅/၂၀၂၆၊ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ ပုဒ်မ(၈၄)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ထုတ်ပြန်ပြီးဖြစ်သည့် ရထားပို့ဆောင်ရေးလုပ်ငန်း ဥပဒေ၊ အခန်း ၁၈၊ ပုဒ်မ ၇၉ (ခ) အရ ရထားကိုတစ်စုံတစ်ရာဖြင့် ပစ်ပေါက်ခြင်း (သို့မဟုတ်) တစ်စုံတစ်ရာ ပြုလုပ်ခြင်းအတွက် ပြစ်ဒဏ်အနေဖြင့် ပုဒ်မ (၈၄)အရ ထိုသူကို အနည်းဆုံး ၅ နှစ်မှ နှစ် ၂၀ အထိ မပိုသောထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်ကိုလည်းချမှတ်နိုင်ပြီး ဖမ်းဆီးရမိသော တရားခံများကို ဥပဒေနှင့်အညီ ထောင်ဒဏ်များ အသီးသီးချမှတ်



အမှတ်(၃)အဆန် DEMU ရထားအား ခဲဖြင့်ပစ်ပေါက်မှုကြောင့် အထက်တန်းတွဲ၏ ပြတင်းတံခါး ဘေးလေကာမှန် ကြေမွအက်ကွဲမှု ဖြစ်ပွားခဲ့ပုံ။



အမှတ်(၃)အဆန် DEMU ရထားအား ခဲဖြင့် ပစ်ပေါက်ခဲ့သည့် ဖမ်းဆီးရမိတရားခံနှင့် သက်သေခံပစ္စည်းများအား တွေ့ရစဉ်။

အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူများ အဆင်ပြေကောင်းမွန်စွာ ခရီးသွားလာနိုင်ရေးအတွက် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် ပိုင်းဝန်းပူးပေါင်း ထိန်းသိမ်းသွားရန်လိုအပ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။ သတင်းစဉ်

(၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အကြို ဂုဏ်ပြုဆောင်းပါး

တိုင်းပြည်သာယာဝပြောဖို့ တစ်မျိုးသားလုံး စွမ်းဆောင်စို့ ...

ကိုယဉ်ချစ်(မန္တလေး)

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းတွင် တစ်ခန်းတစ်ကဏ္ဍမှ သမိုင်းဝင်ခဲ့သည့် အမျိုးသားအောင်ပွဲနေ့သည် ၂၀၂၆ ခုနှစ်တွင် (၁၀၆) နှစ်ပြည့်မြောက်ခဲ့ပေပြီ။ အမျိုးသားအောင်ပွဲနေ့သည် မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့ဗြိတိသျှတို့လက်အောက်ကျရောက်စဉ်က ကိုလိုနီကျွန်ပညာရေးစနစ်ကို မြန်မာတစ်မျိုးသားလုံးက ဆန့်ကျင်တော်လှန်ခဲ့သည့်အထိမ်းအမှတ် သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

နိုင်ငံတော်၏ သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်သည့် အမျိုးသားအောင်ပွဲနေ့ကို အနှစ်သာရပြည့်ဝသော ဆောင်ပုဒ်များ၊ ဦးတည်ချက်များချမှတ်၍ နှစ်စဉ် ကျင်းပလျက်ရှိပါသည်။ ၂၀၂၆ ခုနှစ် (၁၀၆) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ဆောင်ပုဒ်မှာ “ တိုင်းပြည်သာယာဝပြောဖို့၊ တစ်မျိုးသားလုံး စွမ်းဆောင်စို့” ဖြစ်ပြီး ဦးတည်ချက်များအဖြစ် –

- တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ငြိမ်းချမ်းသာယာဝပြောသော ခေတ်မီနိုင်ငံတော် တည်ဆောက်ရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စရိုက်လက္ခဏာများကို အစဉ်လေးစားတန်ဖိုးထား စောင့်ရှောက်မြှင့်တင်ရေး။
- နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်နှင့် ခေတ်မီနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ပညာရေးကို အလေးထားဆောင်ရွက်ရေး။
- လူငယ်များ၏ စွမ်းဆောင်ရည်၊ တီထွင်ဖန်တီး နိုင်စွမ်းနှင့် ခေါင်းဆောင်မှုအရည်အသွေးများကို ပြုစုပျိုးထောင်၍ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအင်အားစုအဖြစ် ပါဝင်ဆောင်ရွက်ရေးဟူ၍ ချမှတ်ကျင်းပသွားမည်ဖြစ်ပါသည်။

အမျိုးသားအောင်ပွဲနေ့ သမိုင်းကြောင်း

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်း ကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဆိုသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ အတူတကွပူးပေါင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံတော်ကြီး ဖြစ်ပါသည်။ နယ်ချဲ့ဗြိတိသျှတို့က ၁၈၂၄ ခုနှစ်၊ ၁၈၅၂ ခုနှစ်နှင့် ၁၈၈၅ ခုနှစ်တို့တွင် ကျူးကျော်စစ် သုံးကြိမ်ဆင်နွဲကာ မတရားသိမ်းပိုက်ခဲ့ခြင်းကြောင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာများ ဆုံးရှုံး၍ သူ့ကျွန်ဘဝသို့ ကျရောက်ခဲ့ရပါသည်။

၁၈၂၄ ခုနှစ် ပထမအကြိမ်ကျူးကျော်စစ်ပွဲ ကာလမှ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့်ကာလအထိ နှစ်ပေါင်း ၁၂၄ နှစ်သည် နယ်ချဲ့ဗြိတိသျှတို့လက်အောက်တွင် နှစ်ပေါင်း ၁၂၀ ကျော်နှင့် ဖက်ဆစ်တို့၏ လက်အောက်တွင် သုံးနှစ်ကျွန်အဖြစ် ခွံနစ်ခဲ့ရသည်။ တစ်နိုင်ငံလုံး လွတ်လပ်ရေးဆုံးရှုံးသွားခဲ့ရသည့် သီပေါမင်းပါတော်မူသည့် ၁၈၈၆ ခုနှစ်မှ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ်အထိ တိုင်းရင်းသားမျိုးချစ်မြန်မာများက ဇာတိသွေး၊ ဇာတိမာန်၊ မျိုးချစ်စိတ်များဖြင့် တိုင်းတစ်ပါးနယ်ချဲ့တို့ကို အသက်သွေးချွေးများစွာ စတေး၍ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြန်လည်ရယူပေးခဲ့ကြပါသည်။

လွတ်လပ်ရေးအတွက် လက်နက်ကိုင်တိုက်ပွဲဝင်ခဲ့ကြရာ အောင်မြင်မှုမရခဲ့သော်လည်း စိတ်ဓာတ်မကျဘဲ လက်ရုံးရည်နှင့်မအောင်မြင်လျှင် နှလုံးရည်ဖြင့် တိုက်ပွဲဝင်မည်ဆိုသည့်စိတ်ဓာတ်ဖြင့် အခြေအနေပေးသည့်အချိန်၌ အသင်းအဖွဲ့များဖွဲ့စည်း၍ ကြိုးပမ်းတိုက်ပွဲဝင်ခဲ့ကြသည်။ ၁၈၉၇ ခုနှစ်မှ စတင်၍ မော်လမြိုင်မြို့တွင် သာသနာ့ဓရအသင်း၊ မြင်းခြံမြို့တွင် ဗုဒ္ဓကလျာဏမိတ္တအသင်း၊ မန္တလေးမြို့တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအသင်းစသည့် ဘာသာရေးအသင်းအဖွဲ့များ ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။

၁၉၀၆ ခုနှစ်တွင် အမျိုး၊ ဘာသာ၊ သာသနာ အကျိုးကို ဆောင်ရွက်မည်ဟု ရည်မှန်းချက်ဖြင့် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (ဝိုင်အမ်ဘီအေ)ကို ဖွဲ့စည်းခဲ့သည်။ ထိုအသင်းကြီးသည် ဗုဒ္ဓဘာသာအသင်းဆိုသော်လည်း နယ်ချဲ့တို့လက်အောက်မှ လွတ်မြောက်ရန် နိုင်ငံရေးလှုပ်ရှားမှုများ၊ စည်းရုံးမှုများ၊ လူထုတိုက်ပွဲများ ဆင်နွဲခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ကျင်းပခဲ့သည့် ဝိုင်အမ်ဘီအေ၏အဌမအကြိမ် ကွန်ဖရင့်မှ ဝိုင်အမ်ဘီအေအသင်းကို မြန်မာအသင်းချုပ်ကြီး(ဂျီစီဘီအေ)အဖြစ် အမည်ပြောင်းလဲဖွဲ့စည်း၍ စည်းရုံးလှုပ်ရှားမှုများကို ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။ ဂျီစီဘီအေအသင်းကြီး၏ စည်းရုံးလှုံ့ဆော်မှုများကြောင့် မျိုးချစ်စိတ်ဓာတ်များ ကိန်းအောင်းလာခဲ့ကြပြီး လွတ်လပ်ရေးကြိုးပမ်းမှုများ ပိုမိုဆောင်ရွက်လာနိုင်ခဲ့သည်။

> **“ ပြည်သူအားလုံး၏ဆန္ဒမှာ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးထဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြခြင်းဖြစ်ပါသည်။ နိုင်ငံနှင့်ပြည်သူအားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ တည်ငြိမ်အေးချမ်းရေးသည် အဓိကဖြစ်ခြင်းကြောင့် တည်ငြိမ်အေးချမ်းရေးကို ပြည်သူတစ်ရပ်လုံးက တစ်စိတ်တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်းတည်ဆောက်သွားကြရပါမည် ”**

တစ်နည်းအားဖြင့် နယ်ချဲ့တို့အား လက်နက်ကိုင်တိုက်ပွဲနည်းလမ်းမှ နိုင်ငံရေးတိုက်ပွဲနည်းလမ်းအသွင်ဖြင့် လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။

ပညာရေးကဏ္ဍကို နှိမ့်ချထားခဲ့

နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို ရေရှည်ကျွန်ပြုထားနိုင်ရေးအတွက် ပြည်သူများ၏ ပညာရေးကဏ္ဍနိမ့်ကျအောင် စီမံဆောင်ရွက်ခဲ့သည်။ နယ်ချဲ့တို့သိမ်းပိုက်ပြီးချိန်ကာလက မြန်မာလူမျိုးတို့၏ စာတတ်မြောက်မှုနှုန်းသည် ၈၅ ရာခိုင်နှုန်းရှိခဲ့သော်လည်း သူ့ကျွန်ဘဝ ၃၅ နှစ်ခန့်အကြာတွင် စာတတ်မြောက်မှုနှုန်းမှာ ၃၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ရသည်။

အဆင့်မြင့်ပညာအဆင့်တွင် နယ်ချဲ့တို့၏အခိုင်းအစေကို ကျိုးနွံစွာ ဆောင်ရွက်မည့် မြန်မာလူငယ်များကို ကျွန်ပညာသင်ကြားပေးရန်သာ အဓိကထားခဲ့သည်။ မြန်မာနိုင်ငံတွင် တက္ကသိုလ်မရှိဘဲ အိန္ဒိယနိုင်ငံကာလကတ္တားတက္ကသိုလ်လက်အောက်ခံကျောင်းခွဲများအဖြစ် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်တို့သာ ဖွင့်ထားပေးခဲ့သည်။ သင်ရိုးညွှန်းတမ်းများမှာလည်း ကာလကတ္တားတက္ကသိုလ်မှ ချမှတ်ပေးသည့်အတိုင်း သင်ကြားကြရသဖြင့် အံဝင်ခွင်ကျမဖြစ်ခဲ့ပေ။

ဝိုင်အမ်ဘီအေအသင်းကြီးက မြန်မာနိုင်ငံတွင် သီးခြားတက္ကသိုလ်ရှိရမည်ဟု အကြိမ်ကြိမ် လှုံ့ဆော်တိုက်တွန်းဖန်များသောအခါ ၁၉၂၀ ပြည့်နှစ် ဇွန်လတွင် ပညာရေးစနစ်သစ် တက္ကသိုလ်အက်ဥပဒေကြမ်းကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုဥပဒေကြမ်းတွင် မြန်မာနိုင်ငံ၌ တက္ကသိုလ်တစ်ခုသာရှိရမည်၊ ထိုတက္ကသိုလ်၏အောက်တွင် ကောလိပ်ကျောင်းတစ်ကျောင်းသာရှိရမည်၊ ထိုကောလိပ်ကျောင်းသည် ရန်ကုန်မြို့၌သာ ရှိရမည်၊ သင်ကြားလိုသူများသည် ကျောင်းအိပ်ကျောင်းစားများသာ ဖြစ်ရမည်၊ သင်ကြားခွင့်ရသူများသည် ပြင်ဆင်မှုအတန်းတွင် တစ်နှစ်နေကြရမည်ဆိုသည့်အချက်များ ပါဝင်ခဲ့သည်။

ထိုအချက်များသည် မြန်မာကျောင်းသားများကို ကန့်သတ်ချုပ်ချယ်ထားပြီး အဆင့်များခွဲခြားထားသည်ကို သိမြင်နိုင်သည်။ တက္ကသိုလ်အက်ဥပဒေအရ ငွေကြေးအကုန်အကျတတ်နိုင်သည့် လူတန်းစားများနှင့် ဗြူရိုကရက်အရာရှိကြီးများ၏ အဆက်အနွယ်များအတွက်သာဖြစ်ပြီး ငွေကြေးမတတ်နိုင်သူ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လက်လုပ်လက်စား သာမန်လူတန်းစားများ၏ သားသမီးများကို အဆင့်မြင့်ပညာ သင်ယူခွင့်မရအောင် ချုပ်ချယ်ကန့်သတ် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေကြမ်းကို ကောလိပ်ကျောင်းသားများ၊ ပြည်သူများက ကန့်ကွက်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ ဒုတိယဘုရင်ခံချုပ် ဆာရယ်ဂျီကရက်ဒေါက်က မြန်မာတို့သည် ပညာရေးအကြောင်းနားမလည်ဟုဆိုကာ ကန့်ကွက်မှုများကို လျစ်လျူရှုရှု၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်းကြေညာခဲ့သည်။

ထိုသို့အတည်ပြုခဲ့သည့်အကြောင်းကို ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့ထုတ် ရန်ကုန်တိုင်းမ်သတင်းစာ ခေါင်းကြီးပိုင်းတွင် “မြန်မာပြည်သူပြည်သားတို့ တညီတညွတ်တည်း နေရာတကျစဉ်းစားဆင်ခြင်ပြီးသကာလ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်ပါသော်လည်း ပြည်သူပြည်သားတို့တောင်းဆိုကြသည့် အချက်တစ်ချက်ကိုမျှ ခွင့်မပြုဘဲ အဆိုပါ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို အစိုးရမင်းတို့က အတည်ပြုလိုက်ကြသည်” ဟု ရေးသားဖော်ပြခဲ့ပါသည်။

အတည်ပြုလိုက်သည့် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ကြရန် ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်ကောလိပ်ကျောင်းသား ၁၁ ဦးတို့က ရွှေတိဂုံစေတီတော်ရင်ပြင်စနေထောင့်တွင် လျှို့ဝှက်စွာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၄ ရက်နေ့တွင် ဗဟန်းမြို့နယ် ရွှေကျင်ကျောင်းတိုက် ဆရာတော်ဦးအရိယကျောင်း၌ ကျောင်းသားအစည်းအဝေးကြီး ကျင်းပကာ ဒီဇင်ဘာလ ၇ ရက်နေ့တွင် တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်သွားရန်၊ ပညာရေးဥပဒေကို ပြင်ဆင်ပေးရေးအတွက် တောင်းဆိုသွားရန်နှင့် တောင်းဆိုချက်များ မပေးသမျှကာလပတ်လုံး ကျောင်းပြန်မတက်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင် ကိုဘဦးကလည်း ရန်ကုန်တက္ကသိုလ်အက်ဥပဒေပါ အချက်များကို ကန့်ကွက်သည့်စာတစ်စောင်ကို ဘုရင်ခံထံ ပေးပို့ခဲ့သော်လည်း ဘုရင်ခံက အကြောင်းပြန်ကြားခြင်း မပြုခဲ့ခြင်းကြောင့် ကျောင်းသားများက အမျိုးသားကျောင်းများထူထောင်ကြရန် သပိတ်စခန်း၌ ဂျီစီဘီအေခေါင်းဆောင်များနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်ကျောင်းသားများသည် မူလက ဒီဇင်ဘာလ ၇ ရက်နေ့တွင် သပိတ်မှောက်ရန် စီစဉ်ခဲ့ကြသော်လည်း အခြေအနေပြောင်းလဲသွားခြင်းကြောင့် ဒီဇင်ဘာလ ၅ ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်) နေ့တွင် ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက် သပိတ်မှောက်ခဲ့ကြသည်။ ထိုဥပဒေသည် တက္ကသိုလ်တက်ရောက်ကြမည့် အထက်တန်းကျောင်းသားများကိုပါ ထိခိုက်နစ်နာစေနိုင်သဖြင့် ကောလိပ်ကျောင်းသားများသာမက အထက်တန်းကျောင်းသားများနှင့် နိုင်ငံတစ်ဝန်းရှိ မိဘပြည်သူများပါ ပါဝင်ခဲ့ကြသည်။ သပိတ်မှောက်ဆန့်ကျင်မှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆက်စပ်သည့် အရေးတော်ပုံကြီး ဖြစ်လာခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုကိန်းအောင်းလာခဲ့ကြသည်။

ကျောင်းသားသပိတ်သည် အမျိုးသားပညာရေးလှုပ်ရှားမှုကို ပိုမိုထိရောက်လာစေခဲ့သည်။ ၁၉၂၁ ခုနှစ် ဩဂုတ်လတွင် ရန်ကုန်မြို့ ဗဟန်းရွှေကျင်ကျောင်းတိုက်ကြီးတွင် အမျိုးသားကောလိပ်ကို ဖွင့်လှစ်ခဲ့ကြပြီး အမျိုးသားပညာရေးကောင်စီကိုလည်း ဖွဲ့စည်းနိုင်ခဲ့ကြသည်။ နိုင်ငံတစ်ဝန်း၌ အမျိုးသားကျောင်းများ ဖွင့်လှစ်လာခဲ့ကြပြီး သပိတ်မှောက်ကျောင်းသားကြီးများက ကျောင်းသားငယ်များကို ပညာသင်ကြားပေးခဲ့ကြသည်။ ဂျီစီဘီအေ၏တိုက်တွန်းနှိုးဆော်ချက်ဖြင့် မူလကဖွင့်လှစ်ထားသည့် ဗုဒ္ဓဘာသာကျောင်းများနှင့် အစိုးရအထောက်အပံ့ခံ တိုင်းရင်းသားဘာသာသင်ကျောင်းများကို အမျိုးသားကျောင်းများအဖြစ် စုစည်းဖွင့်လှစ်နိုင်ခဲ့ကြသည်။

အမျိုးသားအောင်ပွဲနေ့ပေါ်ပေါက်လာပုံ

၁၉၂၁ ခုနှစ် ဒီဇင်ဘာလအတွင်း မန္တလေးမြို့၌ ကျင်းပသည့် ဂျီစီဘီအေ ပြည်လုံးကျွတ်ညီလာခံကြီးတွင် အမျိုးသားအောင်ပွဲနေ့ သတ်မှတ်ရန် ဆွေးနွေးခဲ့ကြသည်။ တချို့က သီပေါမင်းပါတော်မူသည့် တန်ဆောင်မုန်းလဆုတ် ၈ ရက်နေ့ကိုလည်းကောင်း၊ တချို့က ဆရာတော်ဦးဥတ္တမ အဖမ်းခံရသည့်နေ့ကိုလည်းကောင်း သတ်မှတ်ရန် အကြံပြုဆွေးနွေးခဲ့ကြသည်။ ကျောင်းသားသပိတ်ကြီးတွင် ဦးဆောင်ခဲ့ကြသော ကျောင်းသားခေါင်းဆောင်များကလည်း ပါတော်မူသည့်နေ့နှင့် အဖမ်းခံရသည့်နေ့များသည် မင်္ဂလာမရှိခြင်းကြောင့် နယ်ချဲ့တို့အား ပထမဆုံးဆန့်ကျင်တော်လှန် သပိတ်မှောက်ခဲ့ကြသည့် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် အကြံပြုဆွေးနွေးခဲ့သည်။

ထို့ကြောင့် ၁၉၂၂ ခုနှစ် ဇွန်လ ၁၇ ရက်နေ့တွင် ရန်ကုန်မြို့ ဂျူဗလီဟော၌ကျင်းပသည့် ဂျီစီဘီအေအထူးကွန်ဖရင့်မှ နှစ်စဉ်တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြသည်။ နှစ်စဉ် အမျိုးသားအောင်ပွဲနေ့များကို ကျင်းပခဲ့ကြရာ ယခုနှစ်တွင် နှစ်ပေါင်း ၁၀၆ နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူအပေါင်းက အတိတ်ကာလမှဖြစ်ပျက်ခဲ့ပြီးသော သမိုင်းကြောင်းများကို သင်ခန်းစာရယူ၍ ပစ္စုပွန်ကာလအတွက်ကောင်းကျိုးများကို စည်းလုံးညီညွတ်စွာ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရပါမည်။ *စာမျက်နှာ ၁၃ သို့*

ဟားခါးမြို့၌ ကမ္ဘာ့ကလေးများနေ့အခမ်းအနား ကျင်းပ

ဟားခါး နိုဝင်ဘာ ၂၃

၂၀၂၆ ခုနှစ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို နိုဝင်ဘာ ၂၁ ရက်က ဟားခါးမြို့ရှိ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က အမှတ် (၂) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးက အခြေခံပညာမူလတန်းလွန်ကျောင်း (ရဲကုန်း) မှ ကျောင်းသား ကျောင်းသူများကိုလည်းကောင်း ဂုဏ်ပြုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



မြစ်ကြီးနားမြို့၌ ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပ

မြစ်ကြီးနား နိုဝင်ဘာ ၂၃

ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကလေးငယ်များ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနပိုင် မူလတန်းကြိုကျောင်းများနှင့် ကိုယ်ထူကိုယ်ထ မူလတန်းကြို ကျောင်းများ၊ ပုဂ္ဂလိကပိုင် မူလတန်းကြိုကျောင်း ၂၂ ကျောင်းတို့မှ ကလေးငယ်များ၏ တေးသီချင်းအကအလှများဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ ဧရာဝတီမြစ်ကမ်းဘေးချိုးမြှင့်ကြကာ ကလေးငယ်များ၏ ဆေးရောင်ခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဗိုလ်မှူးကြီး ဝင်းမြင့်ဦး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ကလေးငယ်များ၏ မိဘများ ဧည့်သည်အဖြစ် တက်ရောက်ခဲ့ကြသည်။

ထို့ပြင် အင်ဂျန်းခ ရေထိန်းတံခါး ရေထုတ်ခြောင်းပေါ်တွင် တံတားတည်ဆောက်ပြီးစီးမှုနှင့် ဧရာဝတီရှုခင်းသာ အပန်းဖြေစခန်း တည်ဆောက်နေမှု၊ အင်ဂျန်းခ ရေထိန်းတံခါး ကျောက်ချောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ချဉ်းကပ်တာပေါင်နှင့် ချဉ်းကပ်လမ်းအား ကမ်းနားနှင့်အတူ ချိတ်ဆက် ဆောင်ရွက်နေမှုနှင့် ကမ်းနားလမ်း တစ်လျှောက် ပြည်သူများ အနားယူအပန်းဖြေ နေမှုများကို လှုပ်ရှားလည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းနားလမ်းဖြစ်ပေါ်လာစေရေးအတွက် ဗလမင်းထင်တံတားမှ အင်ဂျန်းခ ရေထိန်းတံခါးနေရာအထိ ခန့်မှန်းပေ ၃၀၀၀ အနက် စီတာပူအပိုင်း၌ လမ်းအူကြောင်း ဖောက်လုပ်ခြင်း အလျားပေ ၁၅၀၀ ဆောင်ရွက်ပြီးစီးမှု အခြေအနေကို လှုပ်ရှားလည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော် နေ့လွှတ်အရုပ်များ (ဒသမနေ့)ဆက်လက်ယှဉ်ပြိုင်လွှတ်တင်

တောင်ကြီး နိုဝင်ဘာ ၂၃

တောင်ကြီးမြို့ တန်ဆောင်တိုင်မီးပုံးပျံပွဲ နေ့လွှတ်အရုပ်ပြိုင်ပွဲ(ဒသမနေ့) ယှဉ်ပြိုင်လွှတ်တင်ခြင်းကို နိုဝင်ဘာ ၂၃ ရက်မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ အဝေးရမီးပုံးပျံကွင်းအတွင်း ဆက်လက်ယှဉ်ပြိုင်လွှတ်တင်ကြသည်။



ယနေ့ နေ့လွှတ်အရုပ်ပြိုင်ပွဲတွင် တောင်ကြီးမြို့နှင့် အနီးဝန်းကျင်ဒေသများမှ လာရောက်ယှဉ်ပြိုင်လွှတ်တင်ကြသည့် မီးပုံးပျံဝါသနာရှင်များနှင့် ပြိုင်ပွဲဝင် အဖွဲ့အသီးသီးတို့က အိုးစည်ဗုံမောင်းများ တီးမှုတ်ကခုန်၍ လည်းကောင်း၊ တိုင်းရင်းသားရိုးရာ တေးသီချင်းများ ဖြင့်လည်းကောင်း ပြိုင်ပွဲကွင်းအတွင်းသို့ စနစ်တကျဝင်ရောက်ကြပြီး ခြေနှစ်ချောင်း အရုပ်များ၊ ခြေလေးချောင်းအရုပ်များ၊ အုပ်စုအရုပ်များစသည်ဖြင့် ပြိုင်ပွဲအမျိုးအစားအလိုက် ပျော်ရွှင်စွာ လွှတ်တင်ယှဉ်ပြိုင်ကြရာ ဒိုင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်၍ ဒေသခံတိုင်းရင်းသားများနှင့် အနယ်နယ် အရပ်ရပ်မှ ပွဲတော်လာပြည်သူများက တစ်ခဲနက် လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။



အဆိုပါ မီးပုံးပျံပြိုင်ပွဲကြီးတွင် နေ့လွှတ်အရုပ် ၄၄၉ လုံး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နိုဝင်ဘာ ၂၅ ရက် အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

စာမျက်နှာ ၁၂ မှ

သို့မှသာ တည်ငြိမ်အေးချမ်း၍ ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော်ကြီးကို သားစဉ်မြေးဆက် အတွက် အမွေခံကောင်းများအဖြစ် ချန်ထားနိုင်ခဲ့ရမည်ဖြစ်ပါသည်။

ယနေ့ကာလသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးကအရာရာကို စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်များဖြင့် အမှန်အမှားကို ဝေဖန်ပိုင်းခြားခြင်း မိမိတို့အကျိုး၊ ဒေသအကျိုးနှင့် နိုင်ငံတော်၏အကျိုး များကို သယ်ပိုးထမ်းဆောင်ကြရမည့် အချိန်ဖြစ်ပါသည်။

ပြည်သူ့အားလုံး၏ ဆန္ဒမှာ စစ်မှန်ပြီး စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီစနစ်နိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု ကြီးထဲ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုကြခြင်း ဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူ့အားလုံးအတွက် ကောင်းကျိုးဖော်ဆောင်နိုင်ရန်မှာ တည်ငြိမ် အေးချမ်းရေးသည် အဓိကဖြစ်ခြင်းကြောင့် တည်ငြိမ် အေးချမ်းရေးကို ပြည်သူတစ်ရပ်လုံးက တစ်စိတ် တစ်ဝမ်းတည်း စည်းလုံးညီညွတ်စွာ ပူးပေါင်း တည်ဆောက်သွားကြရပါမည်။

ဤသို့တည်ဆောက်နိုင်ရန် အသိပညာ၊ အတတ် ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်မည့် ဘက်စုံပညာရေးစနစ်ကို နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိပါသည်။ ပညာရေးသည် လူတစ်ဦးချင်းစီ၏ ကိုယ်ရည် ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေး၊ ပင်ကိုစိတ်ဓာတ် နှင့် စံတန်ဖိုးများကိုဖွံ့ဖြိုးစေမည့် အခြေခံဖြစ်ပါ သည်။ ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံသား ကောင်းလူငယ်မျိုးဆက်သစ်များ၊ ဗလငါးတန်နှင့် ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ကို ပျိုးထောင်ပေးနိုင်မှသာ ငြိမ်းချမ်းသာယာဝပြော သည့်အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ပါ မည်။

တိုင်းပြည်သာယာဝပြောရေးသည် တစ်ဦး ကောင်းတစ်ယောက်ကောင်း ဆောင်ရွက်မရနိုင်ဘဲ တစ်မျိုးသားလုံး စည်းလုံးညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်မှဖြင့်သာ အကောင်အထည်ဖော်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်ထောင်စုဖွား တိုင်းရင်း သားအားလုံးက "တိုင်းပြည်သာယာဝပြောပို့၊ တစ်မျိုးသားလုံးစွမ်းဆောင်စို့" ဆိုသည့် အမျိုးသား အောင်ပွဲနေ့ ဆောင်ပုဒ်နှင့်အညီ လက်တွဲပူးပေါင်း ဆောင်ရွက်သွားနိုင်ကြပါရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ကိုးကား

- ပြည်ထောင်စုစိတ်ဓာတ်၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း
- မြန်မာအဘိဓာန်၊ မြန်မာနိုင်ငံတိုင်းရင်းသား ဘာသာစကားဦးစီးဌာန၊ ပညာရေးဝန်ကြီး ဌာန
- နေ့စဉ်ထုတ် သတင်းစာများ

ရလဒ်အတည်ပြုနိုင်ခြင်းမရှိဘဲ ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာညီလာခံ ပြီးဆုံးခဲ့

အန်တာလျာ နိုဝင်ဘာ ၂၃

ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံ (COP31) သည် သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း နောက်ဆုံးရလဒ်စာတမ်းကို အတည်ပြုနိုင်ခြင်းမရှိဘဲ အဆုံးသတ်ခဲ့ကြောင်း သိရသည်။

ဥရောပသမဂ္ဂနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို အဆင့်လိုက်ဖြေလျှော့ဖျက်သိမ်းမှုမပါဝင်သည့် မူကြမ်းစာသားကို ပြင်းထန်စွာကန့်ကွက်ခဲ့ကြသည်။ တူကီယဲနိုင်ငံ အန်တာလျာမြို့တွင် ကျင်းပသော COP31 အစည်းအဝေးကို တက်ရောက်လာသူများအကြား သဘောတူညီမှုမရရှိသဖြင့် နှစ်ရက်ထပ်တိုး ကျင်းပခဲ့ခြင်း ဖြစ်သည်။

အစည်းအဝေးသဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည့် တူကီယဲနိုင်ငံသည် နိုဝင်ဘာ ၂၁ ရက်တွင် မူကြမ်းစာတမ်းအသစ်တစ်စောင်ကို တင်သွင်းခဲ့သော်လည်း ရေနံထုတ်လုပ်သည့် နိုင်ငံများအပါအဝင် အခြားနိုင်ငံများက ပြင်းပြင်းထန်ထန်ကန့်ကွက်မှုကြောင့် ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို အဆင့်လိုက်ဖြေလျှော့ဖျက်သိမ်းမည့် အဓိကအချက်ကို ထည့်သွင်းဖော်ပြထားခြင်းမရှိကြောင်း သိရသည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က COP31 သည် သဘောတူညီချက်ရလဒ် တစ်စုံ တစ်ရာထွက်ပေါ်လာခြင်း မရှိဘဲ အဆုံးသတ်သွားသည့်အတွက် အလွန်အမင်းစိတ်ပျက်မိကြောင်း ပြောကြားသည်။

အင်နဲအိတ်ချ်ကေ

နယ်စပ်ဖြတ်ကျော် ခရီးသည်တင်ရထားလိုင်းသစ် အိန္ဒိယနှင့် နီပေါ ဖွင့်လှစ်

နယူးဒေလီ နိုဝင်ဘာ ၂၃

အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေသော နီပေါဝန်ကြီးချုပ် ဘာလန်ဒရာရှားနှင့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့သည် နယ်စပ်ဖြတ်ကျော် Saryu–Kamala ခရီးသည်တင်ရထားလိုင်းသစ်ကို အွန်လိုင်းမှတစ်ဆင့် နိုဝင်ဘာ ၂၂ ရက်တွင် အလံပြဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အပတ်စဉ်ပြေးဆွဲသွားမည်

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ရှိ အယုဒ္ဓယမြို့နှင့် နီပေါနိုင်ငံ ဂျနက်ပူရ်စသည့် ဘာသာရေးအထွတ်အမြတ်ထားရာ မြို့နှစ်မြို့အကြား အပတ်စဉ်ပြေးဆွဲသွားမည်ဖြစ်ပြီး စီးပွားဖြစ် ပြေးဆွဲမှုများကို ယခုလနောင်ပိုင်းတွင် စတင်သွားမည်ဖြစ်သည်။

ဘူတာရုံ ၁၀ ခုခန့်၌ ရပ်နားမည်

အဆိုပါ ရထားသည် ၁၉ နာရီနီးပါးအတွင်း ကီလိုမီတာ ၆၀၀ ကျော် ခုတ်မောင်းနိုင်မည်ဖြစ်ပြီး လမ်းတစ်လျှောက်တွင် ဘူတာရုံ ၁၀ ခုခန့်၌ ရပ်နားသွားမည်ဖြစ်ကြောင်း တရားဝင်သတင်းအရင်းအမြစ်တစ်ခု၏ ဖော်ပြချက်အရ သိရသည်။

တံတားသစ်တစ်စင်းကိုလည်း ဖွင့်လှစ်ပေး

ထို့အပြင် ခေါင်းဆောင်နှစ်ဦးသည် အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်တန်းဒေသ ပြည်နယ်ဖြစ်သော ဥတ္တရာခန်းနှင့် နီပေါနိုင်ငံ အကြားရှိ ဒါဂျူလာမြို့မှ တံတားသစ်တစ်စင်းကိုလည်း အွန်လိုင်းမှ တစ်ဆင့် ဖွင့်လှစ်ပေးခဲ့သည်။

နီပေါဝန်ကြီးချုပ် ဘာလန်ဒရာရှားသည် အိန္ဒိယနိုင်ငံသို့ နှစ်ရက်ကြာ နိုင်ငံတော်အဆင့် ခရီးစဉ်အဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် ရောက်ရှိခဲ့သည်။

ဆင်ဟွာ

လစ်ဗျာ၌ ပိုက်လိုင်းပိတ်ဆို့မှုကြောင့် တစ်ရက်လျှင် ရေနံစည် ၃၅၀၀၀ ဝန်းကျင် ထုတ်လုပ်မှု လျော့ကျနိုင်

ထရီပိုလီ နိုဝင်ဘာ ၂၃

ခွင့်ပြုချက်မရှိသော အဖွဲ့တစ်ဖွဲ့က Sharara ရေနံမြေမှ သွယ်တန်းထားသော ရေနံစိမ်း ပိုက်လိုင်းပေါ်ရှိ အဆို့ရှင်တစ်ခုကို ပိတ်ဆို့လိုက်မှုကြောင့် တစ်ရက်လျှင် ရေနံစည် ၃၅၀၀၀၀ ဝန်းကျင် ထုတ်လုပ်မှုလျော့ကျနိုင်ကြောင်း လစ်ဗျားအမျိုးသားရေနံကော်ပိုရေးရှင်း (NOC) က နိုဝင်ဘာ ၂၃ ရက်တွင် သတိပေးထားသည်။

Hamada ပိုက်လိုင်းကို သိတင်းနှစ်ပတ်ကျော်ကြာ ဆက်လက်ပိတ်ဆို့ထားခဲ့ကြောင်း Akakus Oil Operations ကုမ္ပဏီက လည်ပတ်လုပ်ကိုင်ဆောင်ရွက်နေသည့် ပိုက်လိုင်းပိတ်ဆို့မှု ထပ်မံပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါ Hamada ပိုက်လိုင်းပိတ်ဆို့မှုကြောင့် တစ်ရက်လျှင် ရေနံစည် ၁၅၀၀၀ ဝန်းကျင် ဆုံးရှုံးနေပြီး ဖြစ်ကြောင်း သိရသည်။

ထိုကဲ့သို့ အနှောင့်အယှက်နှစ်ခုကြောင့် လစ်ဗျားနိုင်ငံတွင် ရေနံထုတ်လုပ်မှုဆုံးရှုံးသည့် ပမာဏမှာ တစ်ရက်လျှင် ရေနံစည်ပေါင်း ၃၆၅၀၀၀ ခန့်အထိ ရှိလာနိုင်ကြောင်း သိရသည်။

ဆင်ဟွာ

ပဋိပက္ခနှင့်စစ်ပွဲများရပ်တန့်ရေး ရေကူးသမားတစ်ဦး ဟော်မုဇ်ရေလက်ကြားတွင် သုံးရက်ကြာရေကူး

ဟော်မုဇ် နိုဝင်ဘာ ၂၃

အမေရိကန်နှင့် အီရန်အကြား ဖြစ်ပွားနေသော ပဋိပက္ခများအဆုံးသတ်ရန် တိုက်တွန်းသည့်အနေဖြင့် ဗြိတိန်နိုင်ငံသား ခရီးရှည် ရေကူးသမားတစ်ဦးသည် ဟော်မုဇ်ရေလက်ကြားတွင် သုံးရက်ကြာ ရေကူးခဲ့ကြောင်း သိရသည်။



ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ သမ္မဒ္ဓရာဆိုင်ရာ ဂုဏ်ထူးဆောင်ကိုယ်စားလှယ်ဖြစ်သူ အသက် ၅၆ နှစ် အရွယ်ရှိ လူးဝစ်ပူးသည် လွန်ခဲ့သည့်သီတင်းပတ်က အိုမန်နိုင်ငံ ကမ်းရိုးတန်းတစ်လျှောက် စုစုပေါင်း ၁၅ ကီလိုမီတာ အကွာအဝေးကို ရေကူးခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် အီရန်အကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေချိန်တွင် ဟော်မုဇ်ရေလက်ကြား ရေလမ်းကြောင်းအတွင်း တိုက်ခိုက်ခံရသည့်သင်္ဘောများမှရေနံယိုဖိတ်မှုများဖြစ်ပေါ်လာပါက အဏ္ဏဝါသက်ရှိများနှင့် ဂေဟစနစ်တစ်ခုလုံးအပေါ် ဆိုးရွားစွာထိခိုက်စေနိုင်ကြောင်း သတိပေးသည့်အနေဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

စစ်ပွဲသည် သဘာဝပတ်ဝန်းကျင်ကို အကြီးအကျယ် ထိခိုက်ပျက်စီးစေနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့ စစ်ပွဲကို ရပ်တန့်ရန် လိုအပ်ကြောင်း ပူးက ပြောကြားခဲ့သည်။

အင်နဲအိတ်ချ်ကေ

ဖီဂျီနိုင်ငံ၌ အယ်လ်နီညိုဖြစ်စဉ် ခြောက်သွေ့ရာသီဥတုက မွေးမြူရေးကဏ္ဍကို ခြိမ်းခြောက်လျက်ရှိ

ဆူဗား နိုဝင်ဘာ ၂၃

လက်ရှိဖြစ်ပေါ်နေသည့် အယ်လ်နီညိုရာသီဥတုအခြေအနေနှင့်ဆက်စပ်နေသော ကာလရှည်ကြာ ခြောက်သွေ့ရာသီဥတုသည် ဖီဂျီနိုင်ငံ အနောက်ဘက် ပင်မကျွန်းဖြစ်သည့် ဗီတီလီဗူးကျွန်း၌ ရေသတ္တဝါ မွေးမြူရေးထွက်ရှိမှုကို ခြိမ်းခြောက်လျက်ရှိပြီး ရေမျက်နှာပြင်လျော့နည်းလာခြင်းနှင့် ရေအရင်းအမြစ်များ ခန်းခြောက်လာခြင်းတို့ကြောင့် ငါးနှင့် ပုစွန်မွေးမြူရေးကန်များမှာ ဖိအားများ တိုးမြင့်လာကြောင်း သိရသည်။

ဖီဂျီငါးလုပ်ငန်းဝန်ကြီးဌာန၏ သုံးသပ်ချက်အရ ရေရှားပါးမှုများမှာ လူမှုအသိုင်းအဝိုင်းအများအပြားရှိ ရေသတ္တဝါမွေးမြူရေးလုပ်ငန်းများကို ထိခိုက်စေပြီး ထွက်ရှိမှုလျော့နည်းခြင်းနှင့် ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်းအပေါ် မှီခိုနေရသည့် မွေးမြူရေးသမားများ၏ အသက်မွေးဝမ်းကျောင်းမှုများနှင့်ပတ်သက်၍ စိုးရိမ်မှုများ မြင့်တက်လာကြောင်း ဒေသတွင်းမီဒီယာများက နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်ထားသည်။

ငါးလုပ်ငန်းဝန်ကြီးဌာနက နိုဝင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ ရာပြည်နယ်အတွင်း ငါး၊ ပုစွန် မွေးမြူရေးကန်ပေါင်း ၃၀ ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး ယင်းပမာဏမှာ ပြည်နယ်အတွင်းရှိ စုစုပေါင်းမွေးမြူရေးကန်အားလုံး၏ ၆၈ ရာခိုင်နှုန်းခန့်ရှိသည်။ ကွင်းဆင်းစစ်ဆေးမှုအရ မွေးမြူရေးကန်များအနက် ၄၅ ရာခိုင်နှုန်းတွင် ချောင်းများ၊ ချောင်းငယ်များနှင့် မြေအောက်ရေအရင်းအမြစ်များ၌ ရေမျက်နှာပြင် လျော့နည်းကျဆင်းနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

နည်းပညာချို့ယွင်းမှုကြောင့် Delta လေကြောင်းလိုင်းခရီးစဉ် ၁၀၀၀ ကျော် နှောင့်နှေး

ဝါရှင်တန် နိုဝင်ဘာ ၂၃

အမေရိကန်နိုင်ငံ အတွင်းလန်တာမြို့ရှိ Delta Air Lines ၏ အဓိကလေကြောင်းအခြေစိုက်စခန်းတွင် လေကြောင်းလုပ်ငန်းဆောင်ရွက်မှုစနစ် နည်းပညာချို့ယွင်းမှုကြောင့် ယမန်နေ့က လေယာဉ်ခရီးစဉ် ၁၀၀၅ ခု နှောင့်နှေးခဲ့ရသည်။ သို့သော် ယင်းပြဿနာကို မွန်းလွဲပိုင်းတွင် ဖြေရှင်းနိုင်ခဲ့ကြောင်း သိရသည်။

FlightAware ၏ အချက်အလက်များအရ အတွင်းလန်တာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ရောက်နှင့် ထွက်ခွာလေယာဉ်ခရီးစဉ် စုစုပေါင်း ၁၁၆၉ ခု နှောင့်နှေးခဲ့ပြီး ယင်းအနက် ၁၀၀၅ ခုမှာ Delta လေကြောင်းလိုင်း၏ ခရီးစဉ်များ ဖြစ်သည်။

အမေရိကန် ဖက်ဒရယ်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့ (FAA) က အတွင်းလန်တာသို့ ပျံသန်းမည့် Delta လေယာဉ်များကို ယာယီပျံသန်းခွင့် ပိတ်ပင်ခဲ့ပြီးနောက်ပိုင်း ပျံသန်းချိန်နှောင့်နှေးမှု အစီအစဉ်သို့ ပြောင်းလဲသတ်မှတ်ခဲ့သည်။ Delta လေကြောင်းလိုင်း၏ အလေးချိန်နှင့် ဟန်ချက်ညီမှုတွက်ချက်သည့် စနစ်တွင် ဖြစ်ပွားခဲ့သော ချို့ယွင်းချက်ကို မွန်းလွဲပိုင်းတွင် ပြန်လည်ပြုပြင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် နိုဝင်ဘာ ၁၃ ရက်က လေကြောင်းထိန်းသိမ်းရေးဆက်သွယ်ရေးကွန်ရက် နည်းပညာချို့ယွင်းမှုကြောင့် FAA က တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လေယာဉ်ပျံသန်းမှု ယာယီရပ်ဆိုင်းခဲ့ပြီး ရက်ပိုင်းအကြာတွင် ထပ်မံဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

ဆင်ဟွာ

ADB က သီရိလင်္ကာနိုင်ငံရှိ MSMEs များကို ပံ့ပိုးရန် ကန်ဒေါ်လာ သန်း ၂၀၀ ချေးငွေအတည်ပြု

ကိုလံဘို နိုဝင်ဘာ ၂၃

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) သည် ငွေကြေးရရှိနိုင်မှု တိုးချဲ့ပေးခြင်းနှင့် စီးပွားရေးနှင့် ရာသီဥတုဆိုင်ရာ ရိုက်ခတ်မှုများကို ဒဏ်ခံနိုင်ရည် မြှင့်တင်ပေးခြင်း ဖြင့် သီရိလင်္ကာနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ (MSMEs) ကို အားကောင်းလာစေရန် ကူညီပေးမည့် အမေရိကန်ဒေါ်လာသန်း ၂၀၀ တန်ဖိုးရှိ ချေးငွေအစီအစဉ်တစ်ရပ်ကို ခွင့်ပြုလိုက်ကြောင်း နိုဝင်ဘာ ၂၃ ရက်တွင် ထုတ်ပြန်သည်။

အဆိုပါ ချေးငွေအစီအစဉ်တွင် MSMEs အတွက် ငွေကြေးဆိုင်ရာ ဂေဟစနစ် တိုးမြင့်စေရန် ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ မူဝါဒအခြေပြုချေးငွေ၊ စီမံလန်းစိုပြည်ရေး ချေးငွေအတွက် ဒေါ်လာ သန်း ၄၀ အပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ငွေကြေးပံ့ပိုးမှုရရှိရေး တိုးမြင့်စေရန် ဒေါ်လာသန်း ၁၀၀ တန်ဖိုးရှိ ငွေကြေးကြားခံဆောင်ရွက်မှုချေးငွေများ ပါဝင်ကြောင်း သိရသည်။

ဆင်ဟွာ

လွန်ခဲ့သည့် သုံးနှစ်အတွင်း အာဖဂန်နိုင်ငံသား ၆ ဒသမ ၅ သန်းကျော် နေရပ်ပြန်လာ

ကဘူလ် နိုဝင်ဘာ ၂၃

လွန်ခဲ့သည့် သုံးနှစ်တာကာလအတွင်း အာဖဂန်နိုင်ငံသား ၆ ဒသမ ၅ သန်းကျော်မှာ ၎င်းတို့၏ မွေးရပ်ဌာနေသို့ ပြန်လည်ဝင်ရောက်လာခဲ့ကြရာ အိမ်ရာနေထိုင်ရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းများအပေါ် ပြင်းထန်သည့် ဖိအားများ ဖြစ်ပေါ်စေခဲ့ကြောင်း ကုလသမဂ္ဂက နိုဝင်ဘာ ၂၂ ရက်က ထုတ်ပြန်ထားသည်။

နေရပ်ပြန်လာသူအများစုသည် ပစ္စည်းဥစ္စာ အနည်းငယ်သာပါရှိလာပြီး ၎င်းတို့ ပြန်လည်စတင်ရန် ကြိုးပမ်းနေချိန်တွင် ဆွေမျိုးသားချင်းများ သို့မဟုတ် လက်ခံကြိုဆိုသူ ဒေသခံအသိုင်းအဝိုင်းများအပေါ် မှီခိုနေရကြောင်း ကုလသမဂ္ဂ အစီရင်ခံစာအရ သိရသည်။

၂၀၂၅ ခုနှစ် တစ်နှစ်တည်းတွင် လူပေါင်းသုံးသန်းနီးပါးမှာ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လာခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့်ပွဲစဉ် (၅) မှ အာဆင်နယ်၊ မန်စီးတီး၊ ရီးရဲမက်ဒရစ်အသင်းတို့ပါဝင်တဲ့ ပွဲစဉ်တွေကို နိုဝင်ဘာ ၂၅ ရက် နံနက်ပိုင်း၌ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်အသင်းက ရလဒ်ကောင်းရရှိပြီး ဘယ်အသင်းက ရလဒ်ဆိုးနဲ့ ကြုံတွေ့သွားမလဲဆိုတာ လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားမည်



အာဆင်နယ် VS ဒေါ့မွန် နံနက် ၂း၃၀



လေးပွဲကစားပြီး သုံးပွဲနိုင်၊ တစ်ပွဲသရေနဲ့ ရှုံးပွဲကြုံတွေ့ထားခြင်း မရှိသေးတဲ့ အာဆင်နယ်အနေနဲ့ နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းနိုင်ဖို့ ဒီပွဲစဉ်မှာ နိုင်ပွဲရရေး အားစိုက်ကစားလာမှာ သေချာတယ်။ ဒေါ့မွန်အသင်းကလည်း နောက်တစ်ဆင့်ကို တိုက်ရိုက်တက်လှမ်းခွင့်ရဖို့ ရမှတ်လိုအပ်ချက်ရှိနေတာကြောင့် ခြေကုန်ထုတ်လာမှာ သေချာတယ်။



မန်စီးတီး VS နာပိုလီ နံနက် ၂း၃၀



ချန်ပီယံလိဂ်မှာ ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့ မန်စီးတီးနဲ့ ပုံမှန်ခြေစွမ်းပြသနိုင်ဖို့ ရုန်းကန်နေရတဲ့ နာပိုလီအသင်းတို့ တွေ့ဆုံနေတာကြောင့် အကြိတ်အနယ်ရှိလာမှာသေချာပါတယ်။ လိဂ်အဆင့် ရပ်တည်မှုအရ မန်စီးတီးအသင်းထက် ရမှတ်လိုအပ်ချက်ရှိနေတဲ့ နာပိုလီအသင်း နိုင်ပွဲရယူ သွားဖွယ်ရှိနေတယ်။



ရီးရဲမက်ဒရစ် VS ပီအက်စ်ဗွီ နံနက် ၂း၃၀



ရီးရဲမက်ဒရစ်က ဒီရာသီ ဘာနေဗျူး၌ ကစားခဲ့တဲ့ ရှစ်ပွဲမှာ ရှစ်ပွဲစလုံး နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပြီး ၂၅ ဂိုးအထိ သွင်းယူထားတယ်။ ပြိုင်ဘက်ပီအက်စ်ဗွီက ချန်ပီယံလိဂ်လေးပွဲမှာ တစ်ပွဲသာနိုင်ပွဲရပြီး တစ်ပွဲသရေနဲ့ နှစ်ပွဲရှုံးရလဒ်ရရှိထားတယ်။ အိမ်ကွင်းကစားပုံ မာကျောတဲ့ ရီးရဲမက်ဒရစ်ကို ပီအက်စ်ဗွီအသင်း အမြင့်ဆုံးသရေသာကစားနိုင်မယ်။

ချန်ပီယံလိဂ်ပြိုင်ပွဲ လိဂ်အဆင့် ပွဲစဉ် (၅)

၂၅-၁၁-၂၀၂၆			ဗုဒ္ဓဟူး
ဘိုဒိုဂလင့်	vs	LASK	နံနက် ၁၂း၁၅
ဂါလာတာစရေး	vs	ဗီလာ	နံနက် ၁၂း၁၅
အာဆင်နယ်	vs	ဒေါ့မွန်	နံနက် ၂း၃၀
ကိုမို	vs	AEK	နံနက် ၂း၃၀
ဖီယင်နု	vs	ပေါ်တို	နံနက် ၂း၃၀
မန်စီးတီး	vs	နာပိုလီ	နံနက် ၂း၃၀
လိုက်ပ်ဇစ်	vs	လန်းစ်	နံနက် ၂း၃၀
ရီးရဲမက်ဒရစ်	vs	PSV	နံနက် ၂း၃၀
ဆလိုဗန်	vs	ဘက်တစ်	နံနက် ၂း၃၀

ချန်ပီယံလိဂ်ဂိုး အများဆုံးသွင်းယူထားသူများ



အမည်	အသင်း	ဂိုး
ဒူဘီကာစ်	ကိုမို	၆
ဟာလန်း	မန်စီးတီး	၅
ထရီဆိုလ်ဒီ	ဘရုဂ်ဂေး	၅
ကိန်း	ဘိုင်ယန်	၄
အမ်ဘာပေ	ရီးရဲမက်ဒရစ်	၄

ချန်ပီယံလိဂ်ဂိုးဖန်တီးမှု အများဆုံးကစားသမားများ



အမည်	အသင်း	ဂိုးဖန်တီးမှု
ပက်ဇ်	ကိုမို	၅
ယာမာလ်	ဘာစီလိုနာ	၄
ကိန်း	ဘိုင်ယန်	၃
ဒမ်ဘီလီ	ပီအက်စ်ဂျီ	၃
ဒီယက်ဇ်	ရီးရဲမက်ဒရစ်	၃

နည်းပြသစ် ပိုချက်တီနို ပထမဆုံးကိုင်တွယ်သည့်ပွဲစဉ်တွင် မန်ယူက လီဗာပူးကို ဂိုးပြတ်ရှုံးနိမ့်



မန်ယူတိုက်စစ်ကစားသမား အမ်ဘူမိုဇ်၏ ထိုးဖောက်တိုက်စစ်ဆင်မှုကို လီဗာပူးအသင်းကစားသမားများ ဟန့်တားရန်ကြိုးပမ်းစဉ်။

နည်းပြသစ် ပိုချက်တီနို၏ မန်ယူအသင်းသည် ယမန်နေ့က အန်းဖီးလ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သော ပရီမီယာလိဂ်ပွဲစဉ် (၁၁) တွင် လီဗာပူးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်ရှုံးနိမ့်ခဲ့သည်။

မန်ယူအသင်းသည် ပွဲချိန် ၈ မိနစ်တွင် အသင်းခံစစ်ကစားသမား ယိုရို အနီကတ်ပြ ထုတ်ပယ်ခံရပြီးနောက် အသင်း၏ ကစားအားကျဆင်းသွားပြီး ပွဲချိန်တစ်လျှောက် လီဗာပူးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ဟန့်တားကာကွယ်ခဲ့ရသည်။ လီဗာပူးအသင်းသည် နည်းပြ အန်ဒိုနီအီရာအိုလာလက်ထက်တွင် ခြေစွမ်းကောင်းပြသထားနိုင်ပြီး စုစုပေါင်း ၁၇ ပွဲတွင် ၁၁ ပွဲအထိ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားကာ သုံးပွဲသရေနှင့် သုံးပွဲသာ ရှုံးနိမ့်ထားသည်။

အခြားပွဲစဉ်ရလဒ်များတွင် ဟားလ်စီးတီးက ဘရိုက်တန်ကို နှစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး နယူးကာဆယ်နှင့် အာဆင်နယ်အသင်းပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီ သရေကျခဲ့သည်။

နောက်ဆုံးရ အားကစား သတင်းတိုများ

- မန်ယူအသင်းသည် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဆော်ဒီအာရေဗျကလပ် အယ်အာလီအသင်းတိုက်စစ်ကစားသမား အီဗန်တိုနေ ၃၀ နှစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေသည်။
- အေစီမီလန်အသင်းသည် ဘရုဂ်ဂေးကစားသမား ထရီဆိုလ်ဒီ ၂၂ နှစ်ကို ခေါ်ယူမည့်အစား ရီးရဲမက်ဒရစ်အသင်းတိုက်စစ်ကစားသမား အန်းဒရစ် ၂၀ နှစ်ကို ဦးစားပေးခေါ်ယူသွားဖွယ်ရှိသည်။



ဘာစီလိုနာက ဗီလာရီးရဲကို အနိုင်ယူပြီး အမှတ်ပေးဇယားကို သုံးမှတ်ပြတ် ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၁၃) မှ အသင်းကြီး ဘာစီလိုနာနှင့် ဗီလာရီးရဲအသင်းပွဲစဉ်ကို နိုဝင်ဘာ ၂၂ ရက် ညပိုင်းက စပေါ့တီဖိုင်းကမ့်နျူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘာစီလိုနာအသင်းသည် မိနစ် ၅၀ ကျော်အထိ နှစ်ဂိုးပြတ်ဦးဆောင်ခြင်းခံထားရသော်လည်း နောက်ပိုင်းပွဲချိန်များတွင် ရရှိလာသည့်အခွင့်အရေးကို သွင်းဂိုးများဖြစ်ပြောင်းလဲပြီး အရေးပါသည့် နိုင်ပွဲတစ်ရပ်ကို ဖော်ဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ပွဲချိန် ၂၃ မိနစ်တွင် ပယ်နယ်တီကန်သွင်းခွင့် ရရှိခဲ့သော်လည်း တောင်ပံတိုက်စစ်ကစားသမား ယာမာလ်၏ ကန်သွင်းချက် လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။

ဘာစီလိုနာအသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိမှုကြောင့် ဒုတိယနေရာမှ အနီးကပ်ဖိအားပေးလျက်ရှိသည့် ရီးရဲမက်ဒရစ်အသင်းထက် သုံးမှတ်အသာ ရမှတ် ၃၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အခြားပွဲစဉ်ရလဒ်များတွင် ရီးရဲမက်ဒရစ်က ဆဲလ်တာဗီဂိုကို နှစ်ဂိုး-တစ်ဂိုး၊ ရေးဆင်းက ဆိုစီဒက်ကို သုံးဂိုး-နှစ်ဂိုး၊ အိုဆာဆူနာက မာလာဂါကို တစ်ဂိုး-ဂိုးမရှိ၊ အက်သလက်တီကိုမက်ဒရစ်က ဂီတာဖေးကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး ဆီဗီလာနှင့် ဘက်တစ်အသင်းပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။



ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်က ယောဒါနက်စ်ကူကို နည်းပြသစ်အဖြစ် ခန့်အပ်မည်

ချန်ပီယံရှစ်ကလပ် ဝက်ဖို့ဒ်အသင်းသည် အက်ဝါ့ဒ်ယောဒါနက်စ်ကူကို နည်းပြသစ်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။ အသက် ၄၈ နှစ်အရွယ် ရိုမေးနီးယားလူမျိုးနည်းပြ ယောဒါနက်စ်ကူသည် ၁၈ လအတွင်း ဝက်ဖို့ဒ်အသင်းခန့်အပ်မည့် ခြောက်ဦးမြောက် နည်းပြ ဖြစ်လာမည် ဖြစ်သည်။

ထို့အပြင် ဝက်ဖို့ဒ်အင်းသည် ယောဒါနက်စ်ကူ၏ နည်းပြသက်တမ်း ၁၅ နှစ်ကျော်အတွင်း နဝမမြောက် တာဝန်ယူကိုင်တွယ်မည့် အသင်းဖြစ်လာမည် ဖြစ်သည်။ ဝက်ဖို့ဒ်အသင်းသည် အသင်း၏ ၁၄၅ နှစ်တာသမိုင်းကြောင်းတစ်လျှောက်တွင် အမြဲတမ်းနည်းပြ ၅၇ ဦးသာ ခန့်အပ်ခဲ့ဖူးကြောင်း သိရသည်။

ဝက်ဖို့ဒ်အသင်းသည် ယခုလက်ရှိ ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၆) အပြီးတွင် ရမှတ် ၁၅ မှတ်ဖြင့် တန်းဆင်းဇုန်အထက်တွင် ရပ်တည်နေသည်။

■ မိုးဇက် - စုစည်းရေးသားသည်

ခရီးသွားအတွေ့အကြုံများမှ စိုက်ပျိုးမွေးမြူရေး၊ သစ်တော၊ ပတ်ဝန်းကျင်နှင့် ဆက်စပ်ဘာသာရပ်များအတွက် အတွေးတစ်စ (အပိုင်း-၄၆)

အစားအစာဆိုင်ရာအင်ဂျင်နီယာပညာ (အပိုင်း-၂)

ဒေါက်တာမျိုးကြွယ်(ပါမောက္ခချုပ် - ငြိမ်း)





အာရှနည်းပညာတက္ကသိုလ်၊ အစားအစာ၊ စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များမဟာဌာန။

သြစတြေးလျ၊ အမေရိကန်၊ နယ်သာလန်၊ ထိုင်းစသည့် ကမ္ဘာ့နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးကဏ္ဍ ထိပ်တန်းရောက်နေရခြင်းသည် စိုက်ပျိုးမွေးမြူရေးပညာ အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းပညာရေးတို့ နှစ်စဉ် တိုးတက် ပြောင်းလဲသင်ကြား၊ သုတေသနပြုလာမှု အပေါ်မူတည်၍ ကမ္ဘာ့စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ထိပ်တန်းရောက်နိုင်ငံများ ဖြစ်နေခြင်းဖြစ်ပါသည်။ ထိုနိုင်ငံတက္ကသိုလ်များရှိ စိုက်ပျိုးမွေးမြူရေးပညာသင်ကြား၊ သုတေသနများ ဆောင်ရွက်နေမှုတို့ကို လေ့လာ၊ အတုယူနိုင်ရန် အဓိနိုင်ငံအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာအဖြစ် အစားအစာအင်ဂျင်နီယာနှင့် ဆက်စပ်ပညာရပ်များ အိမ်နီးချင်းထိုင်းနိုင်ငံတွင် ဆောင်ရွက်နေမှုအကြောင်း ဆက်လက်ရေးသား ဆွေးနွေးလိုပါသည်။

ထိုင်းနိုင်ငံရှိ အစားအစာ အင်ဂျင်နီယာနှင့် ဆက်စပ်သိပ္ပံဘာသာရပ်များ သင်ကြားပို့ချသော အဆင့်မြင့်ပညာရေးတက္ကသိုလ်များ၊ သင်ရိုးညွှန်းတမ်းများ၊ သုတေသနလုပ်ငန်းများနှင့် အစားအသောက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအချက်များ။ ထိုင်းနိုင်ငံသည် အစားအသောက်အင်ဂျင်နီယာပညာ၊ အစားအသောက်သိပ္ပံ၊ အစားအသောက်နည်းပညာ၊ စိုက်ပျိုးရေးစက်မှုလုပ်ငန်း၊ ဇီဝနည်းပညာနှင့် စိုက်ပျိုးရေး အင်ဂျင်နီယာပညာတို့တွင် အတော်အတန် ဖွံ့ဖြိုးတိုးတက်သော အဆင့်မြင့်ပညာရေးစနစ် တစ်ခုကို တည်ဆောက်ထားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ တက္ကသိုလ်များသည် အောက်ပါလုပ်ငန်းစဉ်ကြီးသုံးရပ်မှတစ်ဆင့် ထိုင်းနိုင်ငံ၏ အစားအသောက်စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီလျက်ရှိပါသည် -

၁။ **ပညာရေး။** အစားအစာအင်ဂျင်နီယာ၊ အစားအစာသိပ္ပံပညာရှင်၊ အစားအစာနည်းပညာရှင်နှင့် အစားအသောက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးခြင်း၊

၂။ **သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး။** အစားအသောက်ထုတ်ကုန်အသစ်များ၊ ပြုပြင်ထုတ်လုပ်မှုနည်းပညာများ၊ အစားအသောက် ထိန်းသိမ်းသိုလှောင်မှု၊ ထုပ်ပိုးမှုနှင့် ဘေးကင်းလုံခြုံမှုစနစ်များ ဖွံ့ဖြိုးတိုးတက်စေခြင်း၊

၃။ **စက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်မှု။** အစားအသောက်ထုတ်လုပ်သည့် ကုမ္ပဏီများ၊ လယ်ယာထွက်ကုန်ထုတ်လုပ်သူများ၊ ဝို့ကုန်လုပ်ငန်းရှင်များနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းပြီး အစားအသောက်အရည်အသွေး၊ ထုတ်လုပ်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်နိုင်စွမ်း တိုးတက်စေခြင်း စသည်တို့ ဆောင်ရွက်နေကြပါသည်။

အရေးကြီးသော ကွာခြားချက်တစ်ခု

အစားအသောက်အင်ဂျင်နီယာပညာ (Food Engineering)နှင့် အစားအသောက်သိပ္ပံ (Food Science) သည် မတူညီသော ပညာရပ်များဖြစ်သော်လည်း တစ်ခုနှင့်တစ်ခု အပြန်အလှန်အထောက်အကူပြုနေသော ပညာရပ်များဖြစ်သည်။

- **အစားအသောက်အင်ဂျင်နီယာပညာ။** စက်ပစ္စည်းများ၊ ထုတ်လုပ်မှုပြုလုပ်ပုံ အဆင့်ဆင့်၊ အပူနှင့် ဖြဲပ်ထုတ်ကူးပြောင်းမှု၊ အလိုအလျောက် ထိန်းချုပ်မှုနှင့် စက်ရုံဒီဇိုင်းတို့ကို အဓိက လေ့လာပါသည်။
- **အစားအသောက်သိပ္ပံ။** အစားအသောက်၏ ဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ အာဟာရ၊ အရည်အသွေးနှင့် ဘေးကင်းလုံခြုံမှုတို့ကို အဓိကလေ့လာပါသည်။
- **အစားအသောက်နည်းပညာ။** အစားအသောက် ပြုပြင်ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ ထုတ်ကုန်အသစ်ဖော်ထုတ်ခြင်းနှင့် စီးပွားဖြစ် ထုတ်လုပ်ခြင်းတို့တွင် သိပ္ပံပညာရပ်များကို အသုံးချပါသည်။
- **စိုက်ပျိုးရေးအခြေခံ စက်မှုလုပ်ငန်း။** စိုက်ပျိုးရေး ကုန်ကြမ်းများကို စက်မှုကုန်ချောထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်ခြင်း၊ တန်ဖိုးမြှင့်တင်ခြင်း၊ ထုပ်ပိုးခြင်းနှင့် ဈေးကွက်တင်ပို့ခြင်းတို့ကို ချိတ်ဆက်ဆောင်ရွက်ပါသည်။

၄။ **အစားအစာအင်ဂျင်နီယာပညာနှင့် ဆက်စပ်ဘာသာရပ်များ သင်ကြားပို့ချသော ထိုင်းနိုင်ငံရှိ အရေးကြီးသည့် တက္ကသိုလ်များ။** အောက်ပါအချက်အလက်များသည် ၂၀၂၆ ခုနှစ်အတွင်း ရရှိနိုင်သော တက္ကသိုလ်များ၏ ပညာရေးအစီအစဉ်များနှင့် ထုတ်ပြန်ထားသော သုတေသနနယ်ပယ်များကို အခြေခံထားခြင်းဖြစ်ပါသည်-

(၁-က) မောင်းကွတ်ဘုရင်နည်းပညာတက္ကသိုလ် King Mongkut's University of Technology Thonburi (KMUTT)။ အစားအစာ အင်ဂျင်နီယာသီးသန့်ဘာသာရပ်ရှိသော တက္ကသိုလ်ဖြစ်ပါသည်-

- တည်နေရာ - ဘန်ကောက်မြို့၊
- မဟာဌာန - အင်ဂျင်နီယာမဟာဌာန၊
- ဘာသာရပ်အစီအစဉ်-အစားအစာအင်ဂျင်နီယာဆိုင်ရာ မဟာဘွဲ့နှင့် ပါရဂူဘွဲ့အစီအစဉ်များ၊
- လက်တွေ့သင်ကြားမှု - ဌာနတွင်းလက်တွေ့အဆင့်မြင့်ကျောင်းအစီအစဉ်ဖြင့် စက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်သင်ကြားခြင်း။

အဓိကသုတေသနနယ်ပယ်များ - အပူပေးပြုပြင်ထုတ်လုပ်မှုနည်းပညာ၊ အစားအသောက် အခြောက်ခံနည်းပညာ၊ အစားအစာ၏ ရုပ်ပိုင်းဆိုင်ရာဂုဏ်သတ္တိများ၊ အစားအစာဘေးကင်းလုံခြုံမှု၊ အစားအစာအဏုဇီဝဗေဒ၊ အစားအစာဇီဝနည်းပညာ၊ အစားအစာနာနိုနည်းပညာတို့ ဆောင်ရွက်နေပါသည်။

(၁-ခ) မောင်းကွတ်ဘုရင် နည်းပညာတက္ကသိုလ်၊ လကရာဘန် King Mongkut's Institute of Technology Ladkrabang (KMITL)။ အစားအစာပြုပြင်ထုတ်လုပ်မှုအင်ဂျင်နီယာ ဘွဲ့ကြိုအစီအစဉ်ရှိသော တက္ကသိုလ်

- တည်နေရာ - ဘန်ကောက်မြို့၊
- ဌာန - အစားအစာထုတ်လုပ်ရေးမဟာဌာန၊
- ဘာသာရပ် - သိပ္ပံဘွဲ့ (အစားအစာထုတ်လုပ်ရေး အင်ဂျင်နီယာ) B.Sc. in Food Process Engineering။

အဓိကသင်ခန်းစာများ - ထုတ်လုပ်မှုအဆင့်ဆင့်၊ အစားအစာပြုပြင်ခြင်း၊ ထုတ်လုပ်မှု ထိန်းချုပ်ခြင်း၊ အစားအစာပြုပြင်ပေးသောကိရိယာများနှင့် အစားအစာလုပ်ငန်း ဒီဇိုင်းပညာတို့အကြောင်းကို သင်ကြားပေးနေပါသည်။

အဓိကသုတေသနနယ်ပယ်များ။ ဆန်းသစ်သော အစားအသောက်ထုပ်ပိုးမှုနည်းပညာ၊ အစားအသောက်ပြုပြင်ထုတ်လုပ်မှု အင်ဂျင်နီယာပညာ၊ ကျန်းမာရေးအထောက်အကူပြု အစားအသောက်

> **“ထိုင်းနိုင်ငံနှင့် စာရေးသူတို့ နိုင်ငံသည် ရေမြေဒေသရာသီဥတု တူညီပြီး အကျယ်အဝန်း၊ လူဦးရေ စသည်တို့မှာ ကွာခြားမှုသိပ်မရှိပါ။ ကွာခြားချက် အနည်းငယ်မှာ ထိုင်းနိုင်ငံတက္ကသိုလ်များသည် များသောအားဖြင့် လွတ်လပ်စွာ ရပ်တည်ဖွဲ့စည်းထားကြပြီး နိုင်ငံအတွက် အကျိုးရှိ၊ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသော ဘာသာရပ်များကိုသာ နှစ်စဉ်ပြောင်းလဲ သင်ကြား၊ ဘွဲ့ပေး၊ သုတေသနပြုနေခြင်းဖြစ်”**

အဓိကသုတေသနနယ်ပယ်များ - ဆန်နှင့် ကစိမာတ်ဆိုင်ရာ သုတေသန၊ ငါးနှင့် ရေထွက်ပစ္စည်းများ ပြုပြင်ထုတ်လုပ်ခြင်း၊ ပြောင်းလဲထုတ်လုပ်သော အစားအစာများ၊ အကျိုးပြုအဏုဇီဝပိုးများ၊ အစားအသောက်ထုပ်ပိုးမှု၊ အစားအစာလတ်ဆတ်မှု ထိန်းသိမ်းခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းစဉ် ပုံစံငယ်ဖော်ထုတ်ခြင်းတို့ကို သုတေသနပြုဆောင်ရွက်နေပါသည်။

(၁-ဃ) အာရှနည်းပညာတက္ကသိုလ် (Asian Institute of Technology - AIT)။ နိုင်ငံတကာအဆင့် ဘွဲ့လွန်ပညာရေးနှင့် သုတေသန

- တည်နေရာ - ပထုန်သနီ (Pathum Thani)၊
- ဌာန - အစားအစာ၊ စိုက်ပျိုးရေးနှင့် သဘာဝအရင်းအမြစ်များမဟာဌာန၊
- ဘာသာရပ်များ - အစားအစာအင်ဂျင်နီယာနှင့် ဇီဝပြုပြင်ထုတ်လုပ်မှုနည်းပညာ၊ အစားအစာတီထွင်မှု၊ အာဟာရဓာတ်နှင့် ကျန်းမာရေး၊
- ဘွဲ့များ - မဟာသိပ္ပံ (M.Sc.)၊ မဟာအင်ဂျင်နီယာပညာ (M.Eng.)နှင့် ပါရဂူဘွဲ့ (Ph.D.) အစီအစဉ်များ။

အဓိကသုတေသနနယ်ပယ်များ - ဓောတ်မိအစားအသောက်ပြုပြင်ထုတ်လုပ်မှုနည်းပညာ၊ ဇီဝအာရုံခံကိရိယာများ၊ အကျိုးပြုအဏုဇီဝများ၊ ပြုပြင်ထားသောအစားအစာများ၊ ဇီဝထုတ်လုပ်မှုစနစ်များ၊ အစားအသောက်စွန့်ပစ်ပစ္စည်းများကို တန်ဖိုးဖြင့် ထုတ်ကုန်များအဖြစ် ပြောင်းလဲခြင်း၊ နာနိုနည်းပညာ၊ ရေရှည်တည်တံ့သော အစားအသောက်စနစ်များ စသည် တို့ကို သုတေသနပြုဆောင်ရွက်နေပါသည်။

(၁-င) ဆူရာနီနည်းပညာတက္ကသိုလ် (Suranaree University of Technology - SUT)။ စိုက်ပျိုးရေးနှင့် အစားအစာအင်ဂျင်နီယာပညာဘွဲ့များပို့ချ၊ သုတေသနပြုနေပါသည်။

- တည်နေရာ - နခုန်ရာခြာစီမာ (Nakhon Ratchasima)၊
- ဌာန - အင်ဂျင်နီယာသိပ္ပံဌာနကြီး၊
- ဘာသာရပ် - စိုက်ပျိုးရေးနှင့် အစားအစာအင်ဂျင်နီယာဘွဲ့ (B.Eng. in Agricultural and Food Engineering)

အဓိကသင်ခန်းစာများ - စိုက်ပျိုးရေးစက်ပစ္စည်းများ၊ မြေဆီလွှာနှင့် ရေအင်ဂျင်နီယာပညာ၊ စိုက်ပျိုးရေးထုတ်ကုန် ပြုပြင်ထုတ်လုပ်မှုအင်ဂျင်နီယာပညာ၊ အုပ်စုလိုက် ပြောင်းလဲမှု၊ အစားအစာပြုပြင် ပြောင်းလဲရေးအင်ဂျင်နီယာပညာ၊ အရည်အသွေး ထိန်းချုပ်မှု၊ အစားအစာထုတ်လုပ်မှုဒီဇိုင်း ပညာတို့ကို သင်ကြားနေပါသည်။

ဆက်စပ်သုတေသနများ - စိုက်ပျိုးရေးစက်ပစ္စည်းများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာ၊ အစားအသောက် ပြုပြင်ထုတ်လုပ်မှု၊ စွမ်းအင်နည်းပညာတို့ကို သုတေသနပြုနေပါသည်။

စာရေးသူ၏ အတွေး

ထိုင်းနိုင်ငံနှင့် စာရေးသူတို့ နိုင်ငံသည် ရေမြေဒေသရာသီဥတုတူညီပြီး အကျယ်အဝန်း၊ လူဦးရေ စသည်တို့မှာ ကွာခြားမှုသိပ်မရှိပါ။ ကွာခြားချက် အနည်းငယ်မှာ ထိုင်းနိုင်ငံတက္ကသိုလ်များသည် များသောအားဖြင့် လွတ်လပ်စွာ ရပ်တည်ဖွဲ့စည်းထားကြပြီး နိုင်ငံအတွက် အကျိုးရှိ၊ ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေသော ဘာသာရပ်များကိုသာ နှစ်စဉ်ပြောင်းလဲ သင်ကြား၊ ဘွဲ့ပေး၊ သုတေသနပြုနေခြင်းဖြစ်ပါသည်။ အတုယူရပါမည်။ ။

မိတ္ထီလာမြို့၌ (၅၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကျင်းပ



မိတ္ထီလာ နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ (၅၆)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို ယနေ့ နံနက် ၉ နာရီက နန်းတော်ကုန်းရပ်ကွက် နဂါးရုံမဟာဗောဓိစေတီ ပညာဓိကတန်ဆောင်းတော်၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး မယ်ဟေမာ၊ ဂေါတမီ၊ ဝိသာခါ၊ မယ်ယသော်၊ သာမာဝိရက်ကန်းစင် ငါးစင်တို့မှ တစ်ချိန်တည်း ရက်လုပ်ပူဇော်ကြရာ မသိုးသင်္ကန်းရက်လုပ်ပူဇော်မှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

ငွေဆောင်မြို့၌ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



ငွေဆောင် နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ငွေဆောင်မြို့တွင် ကျင်းပလျက်ရှိသည့် အသက်(၄၀)နှင့်အထက် ချစ်ကြည်ရေးရန်ပုံငွေဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ငွေဆောင်) ဘောလုံးကွင်း၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းကိုနှင့် တာဝန်ရှိသူများက အသက် ၄၀ နှင့်အထက် ချစ်ကြည်ရေးရန်ပုံငွေဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် သဇင် FC အသင်းနှင့် Over 40 FC အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပယ်နယ်တီအဆုံးအဖြတ်တွင် သဇင် FC အသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့သည်။ **ကျော်လင်းဦး(ပြန်/ဆက်)**

တောင်တွင်းကြီးမြို့နယ်၌ ရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

တောင်တွင်းကြီး နိုဝင်ဘာ ၂၃

မကွေတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဖလားရပ်ကွက်/ကျေးရွာပေါင်းစုံ အလွတ်တန်းအမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က တောင်တွင်းကြီးမြို့ ရန်ပယ်အားကစားကွင်းအတွင်းတွင် ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇေဦးက အမှာစကား ပြောကြားသည်။ အဆိုပါ ဘောလုံးပြိုင်ပွဲတွင်



အသင်း ၂၁ သင်းအား အုပ်စုလေးအုပ်စုခွဲ၍ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ပထမဆုံးပွဲစဉ်အဖြစ် ရွှေကြာအင်း(၁) ဘောလုံးအသင်းနှင့် ချောင်းနက်(အရှေ့စု) ဘော အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ ရွှေကြာအင်း(၁) မှ ချောင်းနက်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။ **ဦးမျိုး(ဗိသန်းမြေ)**

ကျောင်းကုန်းမြို့၌ နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

ကျောင်းကုန်း နိုဝင်ဘာ ၂၃

ရောဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ခြံ ဂရက်အုပ်စု ကညင်ကုန်းကျေးရွာ ကွင်းအမှတ် (၄၁၄) A၊ တောင်သူ ဦးကျော်မိုးသန်း၏ လယ်မြေတေ ၁၀ ၌ ၂၀၂၆-၂၀၂၇ ခုနှစ် နွေစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂွတ်ဘရားသားကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်ပြီး GW-11 မျိုးကို စိုက်ပျိုးခြင်းဖြစ်သည်။



အခမ်းအနားသို့ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကော်မတီဥက္ကဋ္ဌ ဒေါ်ဝမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



တောင်ငူမြို့၌ (၉၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲကျင်းပ

တောင်ငူ နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်းရှိ ဗဟိုမဏ္ဍပ်၌ ယမန်နေ့က (၉၅)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲနှင့် (၅၁၆) နှစ်ပြည့် ကေတုမတီ (တောင်ငူ)မြို့တည်နန်းတည် အထိမ်းအမှတ်ပွဲတော်ဖွင့်ပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်သူများနှင့်အတူ တောင်ငူမြို့အတွင်းရပ်ကွက်အဖွဲ့လိုက်များမှ နှစ်ကျိပ်ရှစ်ဆူဘုရားများအား အလှပြယာဉ်များဖြင့် ပင့်ဆောင်၍ ဒေသစာရီ လှည့်လည်ပူဇော်ပွဲကို ကြည့်ရှုအားပေးကြသည်။ **ဇော်ကိုကို (တောင်ငူ)**

တွံတေးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်မည်

တွံတေး နိုဝင်ဘာ ၂၃

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်အား လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်သွားမည်ဖြစ်ကြောင်း ရွှေဆံတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ထံမှ သိရသည်။

ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်အား လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် နိုဝင်ဘာ ၁၉ ရက်တွင် အလှူရှင် သုံးဦးက အလှူငွေကျပ်သိန်းပေါင်း ၆၃၀ ကို လှူဒါန်းပေးခဲ့ကြောင်း၊ အနယ်နယ်အရပ်ရပ်မှ လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် ရွှေဆံတော်စေတီ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးနှိုးဆော်ထားသည်။ **မျိုးလှိုင်(တွံတေး)**



တောင်ငူမြို့ (၂) ရပ်ကွက် တေဇောခင်ဦး(၁၊ ၂၊ ၃၊ ၅၊ ၅) လမ်းများအတွင်းရှိ နေအိမ်များနှင့် စက်ရုံ/အလုပ်ရုံများ မီးဘေးလုံခြုံစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၀ ရက်က မြို့နယ်မီးသတ်ဦးစီးမှူးနှင့် ပူးပေါင်းအဖွဲ့က ကွင်းဆင်းစစ်ဆေးစဉ်။ ခရိုင်(ပြန်/ဆက်)

မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရွေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ (နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရွေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသော နေရာ၊

(ခ) လမ်းဆုံလမ်းခွ၊

(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊

(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊

(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊

(စ) လမ်းကျဉ်းအတွင်း၊

(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊

(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊

(ဈ) တစ်ဆက်တည်းမျဉ်းကြောင်း သတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊

(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊

(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊

(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက် (Yellow Box) နေရာ၊

(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ်များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



လွိုင်ကော်မြို့၌ တန်ဆောင်တိုင်ပွဲတော် မီးပုံပျံပြိုင်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပ

လွိုင်ကော် နိုဝင်ဘာ ၂၃

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်တိုင်ပွဲတော် မီးပုံပျံပြိုင်ပွဲကို ယမန်နေ့ညက လွိုင်ကော်မြို့ ကန္ဒဟေဝန်ပန်းခြံကျောက်သားရင်ပြင်၌ ကျင်းပရာ လွိုင်ကော်မြို့ ရပ်ကွက်အသီးသီးမှ ပြိုင်ပွဲဝင်ပြဿဒီးကြီး ၁၁ လုံး ပါဝင် ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၂၄ ရက်အထိကျင်းပသွားမည်ဖြစ်ကာ ညမီးကြီးမီးပုံးပျံ အလုံး ၃၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးပုံးပျံပြိုင်ပွဲကို ပြည်နယ်ဝန်ကြီးချုပ် ဦးအံ့မော်နှင့် ဇနီး၊ ပြည်နယ်လွတ်တော်ဥက္ကဋ္ဌ နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် မီးပုံးပျံပြိုင်ပွဲဝင် အသင်းများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ထည့်သွင်းကျင်းပ

တန်ဆောင်တိုင် ပွဲတော်ဒုတိယနေ့နှင့် တတိယနေ့များတွင် ကျောက်သားရင်ပြင်ကွင်းအတွင်း၌ တေးဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာနအသီးသီးနှင့် စေတနာရှင်ပြည်သူများက မြန်မာ့ရိုးရာ အစားအစာမျိုးစုံကို ဝန်ကြီးဌာနအလိုက် စတုဒိသာ မဏ္ဍပ်များဖြင့် ကုသိုလ်ပြု ဧည့်ခံကျွေးမွေးခြင်းနှင့် ဆုချီးမြှင့်ပွဲကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် လေ့လော်ပြိုင်ပွဲနှင့် ဝူရှူးပြိုင်ပွဲတွင် အောင်မြင်မှုများရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး အားကစားအသင်းများကို ဂုဏ်ပြုချီးမြှင့်

ပုသိမ် နိုဝင်ဘာ ၂၃

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လေ့လော်ပြိုင်ပွဲနှင့် ဝူရှူးပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိခဲ့သော ဧရာဝတီတိုင်းဒေသကြီး အားကစားအသင်းများကို ဂုဏ်ပြုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းက ပုသိမ်ဟိုတယ်၌ ကျင်းပသည်။

ဂုဏ်ပြုချီးမြှင့်ပွဲတွင် ဧရာဝတီ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကား ပြောကြားပြီး တာဝန်ရှိသူများက ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လေ့လော်ပြိုင်ပွဲမှ ရရှိခဲ့သည့် အမျိုးသား တံခွန်စိုက်ဆု၊ အမျိုးသမီး တံခွန်စိုက်ဆုနှင့် စုပေါင်းတံခွန်စိုက် ဆုဖလားများ အပ်နှံကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က တိုင်းဒေသကြီး လေ့လော်အသင်းနှင့် တိုင်းဒေသကြီးဝူရှူးအသင်းတို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ကြသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်မြို့ ကျက်သရေဆောင် ရွှေမုဋ္ဌော မဟာ စေတီတော်မြတ်ကြီး၏ (၃၉) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို တက်ရောက်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်များကို ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တန်ဆောင်တိုင် ပွဲတော်အထိမ်းအမှတ် ဈေးရောင်းပွဲတော်နှင့် တေးဂီတဖျော်ဖြေပွဲကို ပြည်သူများနှင့်အတူ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



ရန်ကုန်ဇုန်ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၃

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ရန်ကုန်ဇုန် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က တောင်ဥက္ကလာပမြို့နယ် ပဒေသာ အားကစားကွင်း၌ ကျင်းပရာ အကောင်းဆုံး ရှေ့တန်းအားကစား သမားဆုရရှိသော မြောင်းမြပညာရေးဒီဂရီကောလိပ်မှ မောင်ကောင်းမြင့်ထူးနှင့် အကောင်းဆုံးကစား သမားများ၊ ပထမဆုနှင့် တံခွန်စိုက်ဆုရရှိသော မြောင်းမြပညာရေးဒီဂရီကောလိပ်အသင်း၊ ဒုတိယဆု ရရှိသော ကျောက်ဖြူပညာရေးဒီဂရီကောလိပ်အသင်း၊ တတိယဆုရရှိသော ဘားအံပညာရေးဒီဂရီကောလိပ်အသင်းတို့အား လည်ဆွဲဆုတံဆိပ်၊ ငွေသားဆုနှင့် ဂုဏ်ပြုဆုတံဆိပ်များနှင့် တံခွန်စိုက်ဆု ဖလားတို့ကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမောင်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေ့၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်လွင်၊ ဆရာအတတ်ပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသူဇာရှိန်၊ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာချစ်စိန်၊ ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာသောင်းထိုက်၊ အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြတ်အောင်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မင်းသန့်တို့က ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



တတိယအကြိမ်မြောက် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

တပ်ကုန်း နိုဝင်ဘာ ၂၃

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် တတိယအကြိမ်မြောက်ကျင်းပသည့် မြန်မာ့ရိုးရာ နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို နိုဝင်ဘာ ၂၃ ရက် ညနေပိုင်းက မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို တိုင်းကျော်ပြည်ကျော်လှည်းယဉ်၊ ဒုတိယဆုကို ရွှေပြည်သား လှည်းယဉ်၊ တတိယဆုကို ရွှေဆည်သား လှည်းယဉ်၊ အထူးဆု(၁) ကို မဟာကျော်နှင့် ပြည်တန်ကျော်လှည်းယဉ်၊ အထူးဆု(၂) ကို ဆယ်လီမောင်လှည်းယဉ်တို့က ရရှိခဲ့ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ အထူးဆုများနှင့် နွားလှည်းယဉ်ကြေးနှင့် နွားအလှပြိုင်ပွဲဝင်သည့် လှည်းယဉ်များအား ဥတ္တရာရဂိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုမြတ်ထွေးနှင့် တာဝန်ရှိသူများက ဒိုင်းဖလားဆုနှင့် ဆုကြေးငွေများ ပေးအပ်ချီးမြှင့်ပြီး မီးရှူးမီးပန်းများနှင့် မီးပုံးပျံများ ပစ်ဖောက်လွှတ်တင်၍ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၂၃-၁၁-၂၀၂၆ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

စဉ်	တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့များ	အမြင့်ဆုံး အပူချိန် ဒီဂရီဆဲလ်စီးယပ်	အမြင့်ဆုံး အပူချိန် ဒီဂရီဖာရင်ဟိုက်
၁	ထားဝယ်မြို့	၃၇.၆	၉၉.၇
၂	ဘားအံမြို့	၃၆.၅	၉၉.၇
၃	ရေးမြို့	၃၅.၅	၉၅.၉
၄	ကျိုက္ခမီမြို့	၃၅.၄	၉၅.၇
၅	မြဝတီမြို့	၃၅.၂	၉၅.၄
၆	ကော့ကရိတ်မြို့	၃၅.၂	၉၅.၄
၇	ဇလွန်မြို့	၃၅.၀	၉၅.၀
၈	သာယာဝတီမြို့	၃၅.၀	၉၅.၀
၉	ဖျာပုံမြို့	၃၅.၀	၉၅.၀
၁၀	ဘီးလင်းမြို့	၃၄.၉	၉၄.၈

ရေချိုစိမ့်စမ်း မခန်းစေဖို့၊ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။

မိုးတိမ်တောင်များ ရွှေ့လျားရာ နေရာတစ်လျှောက်တွင် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၂၃

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွှေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိရာ ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများ အသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံ ၁ လုံးအား ယနေ့အထိ ၅၀ ရာခိုင်နှုန်း ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ထပ်မံ၍ ၅ ထပ် အဆောက်အအုံတစ်လုံးအား ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမှုမှာ ယနေ့အထိ ၂၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ၊ ဒုတိယပိုင်းအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် ဖြိုချဖျက်ဆီးရန် ကျန် အဆောက်အအုံ ၆၃ လုံး အား ယာဉ်ယန္တရားများ ဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံနှင့် လူနေအိမ်များ နှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်း ဖြိုချဖျက်ဆီးမည့် အဆောက်အအုံဟူ၍ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးလျက်ရှိရာ ဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့်အဆောက်အအုံ ၉ လုံး စုစုပေါင်း အဆောက်အအုံ ၁၃ လုံး တို့ကို စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ပြီးဖြစ်ပြီး ကျန်ရှိသည့်တရားမဝင်အဆောက်အအုံ ၅၀ လုံးကိုလည်း စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေး



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျ ဆက်လက်ဖြိုချဖျက်ဆီးမှု နေရာပြမြေပုံ။

အတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းကာအပြီးတိုင် လုံးဝပပျောက်သွားစေရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ယန္တရားဖြင့် ဖြိုချဖျက်ဆီးမှု



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် (၅) ထပ် အဆောက်အအုံအား စနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှု

ဖြိုဖျက်ပြီးစီးမှု



ကျောက်ဆည်မြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

ကျောက်ဆည် နိုဝင်ဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက်က ကျောက်ဆည်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ခရိုင်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်နှင့် မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက ကလေးအလုပ်သမားပပျောက်ရေးဆိုသည်မှာ ကလေးများကို အလုပ်မှဖယ်ရှားရုံသာမဟုတ်ကြောင်း၊ ကလေးတိုင်း ပညာသင်ယူခွင့်ရရှိရေး၊ လုံခြုံကျန်းမာစွာကြီးပြင်းနိုင်ရေးနှင့် မိမိတို့၏ အနာဂတ်ကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးခြင်းလည်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်ဥပဒေအရာရှိ၊ ခရိုင်ပညာရေးမှူးနှင့် ခရိုင်



အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဦးစီးအရာရှိတို့က လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် ကလေးအလုပ်သမားပပျောက်ရေး ဆိုင်ရာတို့ကို ဆွေးနွေးဟောပြောသည်။

သက်မောင်(ကျောက်ဆည်)

မုံရွာမြို့၌ ဆောင်းရာသီ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မုံရွာ နိုဝင်ဘာ ၂၃

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ မြို့နယ်အတွင်း မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ဆောင်းရာသီ အမျိုးသား အသက် (၂၅) နှစ်အောက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မုံရွာမြို့ တိုင်းဒေသကြီး ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ASRK အသင်းနှင့် New City အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ASRK အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော ASRK အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆုများကို မုံရွာမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုင်ဝင်းက ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ဒုတိယဆုရရှိသော New City အသင်း၊ တတိယဆုရရှိသော စွမ်းအားသစ်အသင်းနှင့် နေရာအလိုက်အကောင်းဆုံး အားကစားသမားဆု ရရှိသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲကို နိုဝင်ဘာ ၁၃ ရက်မှစတင်၍ ကျင်းပခဲ့ရာ မုံရွာမြို့နယ်အတွင်းမှ ပြိုင်ပွဲဝင်အသင်းပေါင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

တေဇောအောင်(ပြန်/ဆက်)



စလင်းမြို့နယ်၌ မှုခင်းအသိပညာပေးဟောပြောပွဲ ကျင်းပ

စလင်း နိုဝင်ဘာ ၂၃

မကွေးတိုင်းဒေသကြီး စလင်းမြို့ ကျောင်းကြားရပ်ကွက်အတွင်းရှိ လူငယ်လူရွယ်များနှင့် ပြည်သူများအနေဖြင့် တရားမဝင် ဖန်တီးထားသော မိုဘိုင်းဂိမ်းအက်ပလီကေးရှင်း(PDF Game Application)များကို



ဒေါင်းလုဒ်ရယူခြင်းနှင့် ဆော့ကစားခြင်းတို့ကြောင့် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်သည့် အခြေအနေများကို သိရှိရောင်ရှားနိုင်ရန် ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျောင်းကြားရပ်ကွက် အောင်ချမ်းသာခမ္မာရုံ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် စလင်းမြို့နယ်ရဲတပ်ဖွဲ့ ယာယီရဲမှူး မိုးဇော်နိုင်က PDF Game Application ကစားခြင်းကြောင့် အရေးယူခံရနိုင်သည့် ဥပဒေအကြောင်းအရာများ၊ PDF Game Application နှင့်ပတ်သက်၍ နိုင်ငံပိုင်မီဒီယာများတွင် အများပြည်သူမှတ်မှတ်ထင်ထင်သိရှိစေရေး၊ TV Spot Radio Spot TV မဂ္ဂဇင်း၊ ရေဒီယို မဂ္ဂဇင်းနှင့် (အယ်ဒီတာ့အာဘော်)သတင်းဆောင်းပါးများတွင် ထုတ်လွှင့်ဖော်ပြလျက်ရှိကြောင်း အသိပညာပေးရှင်းလင်းပြောကြားခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် မှုခင်းအသိပညာပေးဟောပြောခြင်းနှင့် အွန်လိုင်းလိမ်လည်မှုအကြောင်းအရာများကို အသိပညာပေးပြောကြားသည်။

မောင်လွင်(စလင်း)

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်းရှိ Golden City အိမ်ရာ၌ အွန်လိုင်း လိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ ၁၆ ဦးအား ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိသည့် တည်နေရာပြမြေပုံ။

နေပြည်တော် နိုဝင်ဘာ ၂၃ မြန်မာနိုင်ငံအစိုးရအနေဖြင့် လူသားမျိုးနွယ်တစ်ရပ်လုံး၏ လူမှုစီးပွားဘဝများကို ပျက်စီးစေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများကို ထိရောက်ပြင်းထန်စွာ ဖမ်းဆီးအရေးယူမှုများ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် ရန်ကင်းလမ်း ရှိ Golden City အိမ်ရာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ အမျိုးသား လေးဦးနှင့် အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၁၆ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ နိုဝင်ဘာ ၂၂ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က စုံစမ်းရှာဖွေ ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၂၂ ရက် ည ၁၀ နာရီခန့်တွင် ရန်ကင်းလမ်း Golden City အိမ်ရာရှိ တိုက် (၃) ၁၆ လွှာ အခန်းအမှတ် (၁၆၀၂) အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည့် အမျိုးသား သုံးဦးနှင့် အမျိုးသမီး ခြောက်ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်ရာတွင်အသုံးပြုသည့် Laptop တစ်လုံး၊ Printer တစ်လုံး၊ Tablet တစ်လုံး၊ ဖုန်းမျိုးစုံ ၁၄ လုံး၊ Wifi စက် တစ်လုံး၊ ငွေကျပ် ၁၀ သိန်းတို့နှင့်အတူလည်းကောင်း၊ ည ၁၁ နာရီခန့်တွင် တိုက်(၁) ၃၂ လွှာရှိ အခန်းအမှတ် (၃၂၀၁) အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသည့် အမျိုးသား တစ်ဦးနှင့် အမျိုးသမီး သုံးဦးတို့ကို Laptop ၁၃ လုံး၊ Tablet နှစ်လုံး၊ Wifi စက် နှစ်လုံး၊ ဖုန်းမျိုးစုံ ခုနှစ်လုံး၊ CCTV စက် တစ်လုံးတို့နှင့်အတူလည်းကောင်း၊ ည ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် တိုက်(၄)၊ (၆)လွှာရှိ အခန်း အမှတ် (၀၆၀၂) အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသည့် အမျိုးသမီး သုံးဦးအား Laptop တစ်လုံး၊ ဖုန်းမျိုးစုံ ငါးလုံးတို့နှင့်အတူလည်းကောင်း အသီးသီး ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအား ကနဦးစီစစ်မေးမြန်းချက်များအရ အဆိုပါ အခန်းများကို တိုက်(၅) အခန်း အမှတ် (၂၇၀၂) တွင်နေထိုင်သည့် တရုတ်နိုင်ငံသား Mr. Jiang Hong Feng (၁) ကျန်းဟုန်ဖန်းက ငှားရမ်းပေးထားခြင်းဖြစ်ပြီး ၎င်းတို့အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် ပစ္စည်းများကို Customer Service အဖြစ် ဆောင်ရွက်ပေးရကြောင်းနှင့် သိမ်းဆည်းရမိ Laptop နှင့် ဖုန်းများအတွင်း၌ Zaw Play.Com (Myanmar Online Casino Slots & Sports Betting) အွန်လိုင်းစလော့ဂိမ်းလောင်းကစားပြုလုပ်နေခြင်းကို ကနဦး စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူ ၁၆ ဦးအား လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၁) ရပ်ကွက် Golden City အိမ်ရာ၌ ဖမ်းဆီးရမိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများ။



အွန်လိုင်းလောင်းကစားပြုလုပ်ရန် ဆွဲဆောင်သည့်ပုံစံနှင့် zaw play လောင်းကစား Website/Application ၏ မှတ်တမ်းဓာတ်ပုံ။



အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိသည့် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)ရပ်ကွက် Golden City အိမ်ရာ။

မြန်မာ့အသံနှင့်ဂွမ်ပြင်သံကြား

၂၄-၁၁-၂၀၂၆ အင်္ဂါနေ့

MRTV HD

၆း၀၀	နိုင်ငံတော်သံယမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်
	အမှုဆောင်နိုင်ငံတော်သံယမဟာနာယကအဖွဲ့
	ဆရာတော်များကဟိတ်ဟာရဆောက်လုပ်ထိန်းသိမ်းရေး
၈း၀၀	နံနက်ခင်းသတင်း
၈း၃၀	"သာယာဝေလသုတ်" တရားတော်
၈း၃၅	ဃသိုးချောကြယ်နန်းရက်လုပ်ထောင်ပွဲတော်
	ဟရိဝေဒဂုန္ဓမ်းတော်
၉း၁၀	နှလုံဉာဏ်သိသာသီလပေးတရားတော်
၉း၃၀	ထုံမြတ်လှပဝေဒုဩဉာဏ်ကျူးမဏ္ဍပ်
၁၀း၀၀	သတင်းထိုးကာသတင်း
၁၀း၃၅	ဗိုလ်ကုန်စံကထိန်ပွဲ
၁၂း၃၅	"သာယာဝေလသုတ်" တရားတော်
၁၃း၃၀	MRTV National News
၁၄း၃၀	Weekly MNL Review
၁၆း၃၅	ကယ်ဘက်လွှားအနုပညာသတင်းများ

mitv

07:01	Evergreen Classic; Lat Yay Ta Pyin Dee (Having A Meal Together - Ye Htike)
07:09	Smiling Buddha
07:33	The Traditional Craft of Myanmar Lanterns
07:41	Clay Art On Canvas: Ricky Zachariah
08:01	News
08:27	Topics Potpourri; UK Observatory Monitors Rising Space Debris
08:33	Tazaungmone (Ep-2)
09:01	Luminaries of Buddha Sasana
09:28	Crafting the Light
09:39	Inn Yaung Village's Tazaungdine Night
09:48	The Southernmost City (Kawthaung)
10:01	News
10:27	Lifestyle & Entertainment (Weekly Updates)

MRTV NRC

ချင်း (လိုင်ဇိုး) (၀၆း၀၀ မှ ၀၈း၀၀)	
သင်္ဃမိဏရုပဇိတိ 'ချင်း' စာ(အပိုင်း-၂၁	
ချင်း (ဇိုး) (၀၈း၀၀ မှ ၀၈း၃၀)	
ချင်းဒီရာထုံဝါတများ	
မြန် (၀၈း၀၀ မှ ၁၀း၀၀)	
ပါးပုံတောင်သိုးကယ်လာစီးပါ	
ရခိုင် (၁၀း၀၀ မှ ၁၂း၀၀)	
ဂျိုင်ဘားသာစကားဆိုးကြားနေဘောင်(အပိုင်း-၆)	
ရှမ်း (၁၂း၀၀ မှ ၁၃း၀၀)	
ပြီးရင်းတိုက်စီ(ဇော်)လွှမ်းထပ်သုပ်	
ဝ (၁၃း၀၀ မှ ၁၆း၀၀)	
ပန်လုံပြည်သိုးကယ်လာစီးပါက်	

MRTV NEWS

၀၆း၀၀	အပြင်းထန်ဆုံး
၀၆း၀၅	လူ့လုပ်ရှားမှုအားစား
၀၆း၁၀	ထုံမြတ်လှပဝေဒုဩဉာဏ်ကျူးမဏ္ဍပ်
၀၇း၀၀	ပြည်တွင်းသတင်း (LIVE)
၀၇း၁၅	ကုသိုလ်ကထိန်ဆင်းလှူဒါနမြတ်တန်ဆောင်တိုင်ပွဲ
၀၇း၃၀	နိုင်ငံတကာသတင်း (LIVE)
၀၇း၄၅	Save Our Planet Program
၀၈း၃၅	အထိပ်သန့်ဘုန်းတရား "ဓာတ်းပြုမြင်း"
၁၁း၀၀	ပြည်တွင်းသတင်း (LIVE)
၁၂း၃၀	နိုင်ငံတကာသတင်း (LIVE)
၁၃း၀၀	MRTV National News
၁၄း၀၀	ပြည်တွင်းသတင်း (LIVE)
၁၆း၀၀	သတင်းမုန်းကုဒ် (LIVE)
၁၈း၄၅	The Multi Sports Arena
၁၈း၅၅	တောင်ကင်းယံထက်ကမြန်မာ့ရိုးရာအလှ တန်ဆောင်တိုင်ပွဲတော်ညဉ
၁၉း၀၀	ပြည်တွင်းသတင်း (LIVE)
၂၀း၀၀	ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉း၀၀	အပွင့်၊ အလံ
၁၀း၀၀	တတိယအကြိမ်မြောက်သွယ်တေ
	တတိယမြန်အစည်းဝေး (Replay)
၂၀း၀၀	ပြည်တွင်းသတင်း (၂၄-၁၁-၂၀၂၆)

MRTV FARMERS

၀၆း၀၀	အပွင့်၊ နိုင်ငံတော်သီချင်း
၀၆း၁၂	တောင်သူလယ်သမားရေးရာသတင်း
၀၆း၂၅	သမဝိယအသင်းအဖွဲ့များစုဖွဲ့ပို့ဆောင်ရေးပုံစံများ ပိုမိုထုတ်လုပ်ပို့
၀၇း၃၅	စပြုနေ့မြစ်ရေးမြေလတ်ဒေသပိုမ ဟင်းသီးဟင်းရွက်ရွာ
၀၈း၀၀	ဝတ်စရာမတ်စရာသောင်းဆိုးကဏ္ဍ
၀၉း၀၀	"မွေးမြူရေးဂုဏ်အမြတ်" ကျန်းမာသုခဝင်ငွေတိုးစေရိုးစီးငန်းမွေးမြူကြောင်းစီ
၁၀း၃၀	ဟသာမြို့ရွာ(အပိုင်း-၁၁)(တရုတ်တက်လမ်းတွဲ)

MRTV SPORTS

၀၆း၀၀	အပွင့်
၀၆း၂၀	လူငယ်တို့အတွက်လမ်းပြကြမ်
၀၆း၃၅	Sports Diary
၀၇း၃၀	The Multi Sports Arena
၀၈း၀၀	(၃၁)ကြိမ်မြောက်အထူးတောင်းအာရှအားကစား ပြိုင်ပွဲအချိန်းတောလုံးပြိုင်ပွဲ (Replay)
	(မြန်မာအသင်းနှင့်ဖိလစ်ပိုင်အသင်း)
၁၀း၃၀	အားကစားသတင်း

Scan Here

Education Channel ကို ဗဟို(ပုသိမ်)၊ ဒေသ(ပုသိမ်)၊ ဧရာဝတီ(ပုသိမ်)၊ ပဲခူး(ပုသိမ်)၊ ရခိုင်(ပုသိမ်)၊ ချင်း(ပုသိမ်)၊ ကယား(ပုသိမ်)၊ ကရင်(ပုသိမ်)၊ ပင်လုံ(ပုသိမ်)၊ ကချင်(ပုသိမ်)၊ ရှမ်း(ပုသိမ်)၊ ပြည်(ပုသိမ်)၊ ဒေသ(ပုသိမ်)၊ ဧရာဝတီ(ပုသိမ်)၊ ပဲခူး(ပုသိမ်)၊ ရခိုင်(ပုသိမ်)၊ ချင်း(ပုသိမ်)၊ ကယား(ပုသိမ်)၊ ကရင်(ပုသိမ်)၊ ပင်လုံ(ပုသိမ်)၊ ကချင်(ပုသိမ်)၊ ရှမ်း(ပုသိမ်)၊ ပြည်(ပုသိမ်)

ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ တရားမဝင် တရုတ်နိုင်ငံသားများအပါအဝင် ၃၂၃ ဦးအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၂၃

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံ အန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ တရုတ်နိုင်ငံသားများနှင့် မြန်မာနိုင်ငံသား စုစုပေါင်း ၃၂၃ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ယနေ့တွင် ဖမ်းဆီးရမိခဲ့သည်။



ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခဲ့သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြမြေပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့အနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်လုပ်ကိုင်နေကြောင်း သတင်းအရ စုံစမ်းရှာဖွေ ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၆ နာရီ မိနစ် ၃၀ ခန့်တွင် ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာ၏ အနောက်မြောက်ဘက် မိတာ ၁၈၀၀ ခန့်အကွာအေးရာ၌ အလှူးပေ ၁၅၀၊ အနံပေ ၃၀ ရှိ ယာယီအလုပ်ရုံမိုးကာတဲ ငါးလုံးနှင့် ယာယီလူနေမိုးကာတဲ လေးလုံး၊ အလှူးပေ ၆၀၊ အနံပေ ၃၀ ရှိ ယာယီလူနေမိုးကာတဲ လေးလုံး၊ အလှူးပေ ၁၀၀၊ အနံပေ ၅၀ ရှိ ယာယီစားချက်ဆောင် တစ်လုံးနှင့် ယာယီစတိုဆောင် တစ်လုံးတို့ကို တွေ့ရှိခဲ့ပြီး ၎င်းတို့အတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်လုပ်ကိုင်နေသူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၃၀၁ ဦးနှင့် အမျိုးသမီး တစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၃၂၃ ဦး တို့အား BERETTA-22 ပစ္စတို (ကျည်အိမ်အပါ) တစ်လက်၊ CZ 9mm ပစ္စတို(ကျည်အိမ်အပါ) တစ်လက်၊ SMITH-22 အရှည် သေနတ် တစ်လက်၊ AK 47 သေနတ် ငါးလက်နှင့် ၎င်းကျည်အိမ် လေးခု၊ ပွိုင့် ၂၂ ကျည်ခြောက်တောင့်၊ Power Station အကြီး ၁၅ လုံးနှင့် အသေးနှစ်လုံး၊ Solar Station အလတ်ခြောက်လုံး၊ Laptop ၅၄ လုံး၊ ဖုန်းမျိုးစုံ ၂၁၇ လုံး၊ All in One ကွန်ပျူတာ ငါးလုံး၊ Starlink ဗန်း ၃၃ ခု၊ Router အခု ၃၀၊ Air Cooler (အလတ်) ရှစ်လုံး၊ Tiger (4x4 wheel) အမျိုးအစား မော်တော်ယာဉ် နှစ်စီး၊ Lexus အမျိုးအစားမော်တော်ယာဉ် တစ်စီး၊ Freezer အကြီး သုံးလုံးနှင့် အသေးသုံးလုံး၊ ထမင်းပေါင်းစက် နှစ်ခန်းတွဲ တစ်ခု၊ ထမင်းပေါင်းစက် တစ်ခန်းတွဲ တစ်ခု၊ ဂတ်စ်မီးဖို (အကြီး) တစ်ခု၊ မီးစက် (အကြီး) တစ်လုံး၊ အင်တာနက်လိုင်းအားမြှင့်စက် နှစ်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

စီစစ်မေးမြန်းမှုများအရ ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများသည် တရုတ်နိုင်ငံရှိ ပြည်နယ်အသီးသီးတွင် နေထိုင်၍ ကျပန်းလုပ်ကိုင်ကြသူများဖြစ်ကာ TikTok၊ Telegram၊ QQ စသည့် လူမှုကွန်ရက်များမှတစ်ဆင့် ချိတ်ဆက်၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ရန် မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာခဲ့ကြောင်း၊ ယခု အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်နေသည်မှာ ရက်ပေါင်း ၄၀ ခန့် ရှိပြီဖြစ်ပြီး We Chat၊ Momo၊ QQ စသည့် လူမှုကွန်ရက်များမှတစ်ဆင့် တရုတ်နိုင်ငံရှိ ငွေကြေးကြွယ်ဝချမ်းသာသူများအား အဓိကပစ်မှတ်ထား ရှာဖွေရကြောင်း၊ ၎င်းနောက် ခင်မင်ရင်းနှီးမှု တည်ဆောက်ကာ အကျိုးတူစီးပွားရေးလုပ်ငန်းများတွင် ပါဝင်လာစေရေး စည်းရုံးခြင်းများပြုလုပ်၍ ပစ်မှတ်များက အရင်းအနှီးများ ထည့်ဝင်လာသောအခါ အဆက်အသွယ်ဖြတ်တောက်ခြင်းများ ပြုလုပ်ရကြောင်း သိရှိရသည်။

အဆိုပါအွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်ရာတွင် အသုံးပြုသည့် ပစ္စည်းများဖမ်းဆီးရမိ။



သိမ်းဆည်းရမိ ယာယီလူနေတဲ မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိ ယာယီစတိုဆောင် မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိ ဖိုးဒိုးယာဉ် နှစ်စီး မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိ မီးစက်အကြီး တစ်လုံး မှတ်တမ်းဓာတ်ပုံ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများအား ဖမ်းဆီးရမိ



ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများ၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ မြန်မာနိုင်ငံသား မ ၂၁ ဦးမှတ်တမ်းဓာတ်ပုံ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်နေသူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိ



ဖမ်းဆီးရမိ တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိ လုပ်ငန်းသုံးဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ် မိုင်းနောင်မြို့ ဝမ်ပုံကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်လုပ်ကိုင်ရာတွင်အသုံးပြုသည့် ပစ္စည်းများ ဖမ်းဆီးရမိ



သိမ်းဆည်းရမိ လက်နက်များ မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

မြစ်ကြီးနားမြို့၌ ကချင်ပြည်နယ်တရားလွှတ်တော်ရုံး အာရ်စီလေးထပ် အဆောက်အအုံသစ် တည်ဆောက်လျက်ရှိ



မြစ်ကြီးနား နိုဝင်ဘာ ၂၃

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်၌ ကချင်ပြည်နယ်တရားလွှတ်တော်ရုံး အာရ်စီလေးထပ် အဆောက်အအုံသစ် တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံတည်ဆောက်နေမှုကို ယမန်နေ့က ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစဉ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တရားသူကြီးများ၊ ကုမ္ပဏီတာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် လုပ်ငန်းအပိုင်းနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် တည်ဆောက်ပြီးစီးရမည့် လုပ်ငန်းအပိုင်းများ၊ တည်ဆောက်သွားမည့် အစီအစဉ်များ ရှင်းလင်းတင်ပြမှုအပေါ် ဘဏ္ဍာနှစ်အလိုက် တည်ဆောက်ရမည့် လုပ်ငန်းများပြီးစီးအောင် ဆောင်ရွက်ရေး မှာကြားသည်။

ထို့မှတစ်ဆင့် မြစ်ကြီးနားမြို့ ရောရပ်ကွက်အတွင်း ပြည်နယ်အစိုးရအဖွဲ့၏ ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေဖြင့် မြို့တော်ခန်းမသစ် တည်ဆောက်နေမှု၊ မြို့တော်ခန်းမအတွင်း LED Board တပ်ဆင်ခြင်းအပါအဝင် မီးလိုင်းများဆောင်ရွက်နေမှု၊ မီးသတ်စနစ်များ တပ်ဆင်ခြင်းလုပ်ငန်း၊ အုတ်တံတိုင်း ကာရံခြင်းလုပ်ငန်း ၅၉၅ ပေ တည်ဆောက်နေမှု၊ မြေအောက်ရေကန်တည်ဆောက်ခြင်း၊ ရေမြောင်းဖောက်လုပ်ခြင်း၊ အများသုံးအိမ်သာတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ပြည်နယ်(ပြန်/ဆက်)



ပဲခူးမြို့၌ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

ပဲခူး နိုဝင်ဘာ ၂၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် မြို့သူမြို့သားများပူးပေါင်း၍ ပဲခူးမြို့ ရှေးဟောင်းသမိုင်းဝင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ အနောက်ဘက်မှခံယာဉ်ရပ်နားကွင်း၌ တန်ဆောင်တိုင်မီးပုံးပျံလွှတ်တင်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ ကျင်းပမည်ဖြစ်ပြီး ညစဉ် စိန်နားပန် မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မြို့တွင်းလူစည်ကားရာနေရာများ၌ ရောင်စုံအရုပ်မျိုးစုံ ပုံဖော်မီးများ ထွန်းညှိထားရှိခြင်းအပြင် နိုင်ငံကျော်တေးသံရှင်များနှင့် အနုပညာရှင်များ၏ သီဆိုဖျော်ဖြေပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

ထို့ပြင် တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၈ နာရီမှစတင်၍ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီးရှေ့ စတုဒိသာမဏ္ဍာပ်၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် မြို့သူမြို့သားများအား စတုဒိသာများဖြင့် ဆည်းခံကျွေးမွေးလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)



ကျောင်းကုန်းမြို့နယ်၌ ကျေးရွာလေးရွာရှိ သောက်သုံးရေအရင်းအမြစ်များ စစ်ဆေးဆောင်ရွက်

ကျောင်းကုန်း နိုဝင်ဘာ ၂၃

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိပ်သာ(မြန်မာစု)ကျေးရွာ၊ ဆိပ်သာ(ကရင်စု)ကျေးရွာ၊ တံခွန်တိုင်ကျေးရွာနှင့် လေးအိမ်ကျေးရွာတို့၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် သောက်သုံးရေပြတ်လပ်မှု မဖြစ်ပေါ်စေရေးအတွက် ဌာနမှဆောင်ရွက်ပေးထားသည့် စက်ရေတွင်းများ ပုံမှန်လည်ပတ်မှု ရှိ မရှိနှင့် သောက်သုံးရေအရင်းအမြစ်များ စစ်ဆေးခြင်းကို နိုဝင်ဘာ ၁၈ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ရှိသူများက စစ်ဆေးခဲ့ကြပြီး အယ်လ်နီညိုရာသီဥတုအခြေအနေကြောင့် အပူချိန်မြင့်တက်ခြင်းနှင့် ရေအရင်းအမြစ်များ လျော့နည်းလာနိုင်ခြင်းတို့ ဖြစ်ပေါ်နိုင်သဖြင့် ရေကို လေလွင့်မှုမရှိအောင် စနစ်တကျသုံးစွဲကြရန်၊ သောက်သုံးရေအရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်ရန်၊ သောက်သုံးရေ ပြတ်လပ်မှုမရှိစေရေး ရေကို ကြိုတင်စုဆောင်းထားရှိရန်နှင့် အယ်လ်နီညိုအပူဒဏ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ရှောင်ရန် အချက်များကို ရှင်းလင်းပြောကြားပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

တေဇာလင်း

ရေကြည်မြို့နယ် နတ်စင်ကွင်းကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ရေကြည် နိုဝင်ဘာ ၂၃

ရေကြည်မြို့နယ် နတ်စင်ကွင်း ကျေးရွာ၌ (၁၃) ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပရာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလိန်းကွိုက ရပ်မိရပ်ဖများ၊ အသင်းသား အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက နတ်စင်ကွင်းကျေးရွာရှိ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၅၃ ဦးကို ငွေကျပ် ၂၉ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၈၅ ဦးကို ငွေကျပ် ၂၀ သိန်း စုစုပေါင်းအသင်းသား အသင်းသူ ၁၃၈ ဦးကို မြစိမ်းရောင် စီမံကိန်းရန်ပုံငွေကျပ် ၅၀ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ဇင်မာ



ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့်လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်မှ ၂၉ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့် ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ် ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင် ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်ရေယာဉ်/စက်လှေများ၊ ငါးဖမ်းရေယာဉ်/လှေများ၊ စက်တပ်သမ္ဘန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်း ငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။



ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ဂုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၀၂၅၅၃

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၊ ၀၉-၆၆၈၇၈၈၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၅၅၃၀၊ ၀၅၈-၂၀၂၅၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၊ ၀၇၀-၂၀၂၂၅၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဝဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၅၉၃၉၊ ၀၅၂-၂၂၀၅၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၄၅၅၊ ၀၂-၄၀၂၁၄၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၅၅၀၊ ၀၈၁-၂၁၄၄၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အဖြတ်မခံမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အဖြတ်မံမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဥဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုယ်ထိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွေးတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းနိဂုံးလုံစွာတင်ပြနိုင်သူများ။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက် ရရှိထားသူများ။
၂။ နိုင်ငံ့ဝန်ထမ်းများ။
၃။ ပညာသင်ကြားနေသူများ။
၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။
၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။
၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီ ကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့် ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။
(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။
(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန် ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။
(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက် တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

PDF Game
ဆော့ကစားခြင်းကြောင့်
ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်ရေးစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

(၈၂)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၇ ခုနှစ်၊ (၈၂)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့် အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့် အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်းရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့် အားလျော်စွာ ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထု အကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆို ရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီး သီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံ ပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ဆဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့် ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်) နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာ ရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာ ရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူ ဦးအုံးဖေစာပေဆု (ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်း မရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက် ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၈၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၇၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၆၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၅၀၀,၀၀၀	ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀	ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၅၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၄၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၃၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၂၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၁၅၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၁၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၁၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၁၀၀,၀၀၀	ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၅၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၄၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၃၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၂၀၀,၀၀၀	ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၇၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၆၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၅၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၄၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၃၀၀,၀၀၀	ကျပ်
(စ) အထူးဆု(၁)	၂၀၀,၀၀၀	ကျပ်
(ဆ) အထူးဆု(၂)	၂၀၀,၀၀၀	ကျပ်
(ဇ) အထူးဆု(၃)	၂၀၀,၀၀၀	ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု	၁,၀၀၀,၀၀၀	ကျပ်
(ခ) ဒုတိယဆု	၇၀၀,၀၀၀	ကျပ်
(ဂ) တတိယဆု	၆၀၀,၀၀၀	ကျပ်
(ဃ) စတုတ္ထဆု	၅၀၀,၀၀၀	ကျပ်
(င) ပဉ္စမဆု	၄၀၀,၀၀၀	ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပရေးကော်မတီ

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ်ကာလဝယ် ကျန်းမာအောင်နေကြမယ်













ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

အယ်လ်နီညို (El Niño) ရာသီဥတုဖြစ်စဉ် ကာလဝယ် ကျန်းမာအောင်နေကြမယ်

ကမ္ဘာနိုင်ငံများနည်းတူ မြန်မာနိုင်ငံသည်လည်း အယ်လ်နီညို၏ သက်ရောက်မှုများကြောင့်-

- အပူဒဏ်လွန်ကဲခြင်း၊
- မိုးခေါင်ရေရှားခြင်း၊
- တောမီးလောင်ခြင်း၊
- ရေကြီးရေလျှံခြင်း နှင့်
- ဖျက်အားပြင်းမုန်တိုင်းဖြစ်ပေါ်ခြင်း စသည့်

ပြည်သူ့ကျန်းမာရေးကို ထိခိုက်စေသည့် အစွန်းရောက် မိုးလေဝသ အခြေအနေများကို ဖြစ်ပေါ်စေနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာဖြန့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။ (အောက်တိုဘာလ၊ ၂၀၂၆ ခုနှစ်)

အပူဒဏ်လွန်ကဲခြင်း

အပူဒဏ်လွန်ကဲခြင်းကြောင့်-

- ရေဓာတ်ခန်းခြောက်ခြင်း၊
- ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)၊
- သတိလစ်ခြင်း (Heat Stroke) တို့ဖြစ်ပွားနိုင်ပါသည်။





အပူဒဏ်မှကာကွယ်ရန် -

⇒ ရေများများသောက်ပါ၊
⇒ နေလယ်နေခင်းအချိန်များ၌ အရိပ်ရှာ အေးမြသော နေရာများတွင်နားနေပါ၊
⇒ နေပူထဲသို့သွားလျှင် ထီး၊ ဦးထုပ်စသည့် အကာအကွယ်များ ယူဆောင်ပါ။



မိုးခေါင်ရေရှားခြင်း

မိုးခေါင်ရေရှားမှုကြောင့်-

- ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါ စသည့် ဝမ်းနှင့်ပတ်သက်သည့်ရောဂါများဖြစ်ခြင်း၊
- အစာအဆိပ်သင့်ခြင်း၊
- မျက်စိနှင့် အရေပြား/ ရောဂါများ ဖြစ်ခြင်း၊
- အာဟာရချို့တဲ့ခြင်းတို့ ဖြစ်နိုင်ပါသည်။



ကူးစက်ရောဂါများမှ ကာကွယ်ရန်-

⇒ အိမ်သာတက်ပြီးတိုင်း၊
⇒ အစားအစာ မပြင်ဆင်မီ၊
⇒ အစာ မစားမီနှင့် အစာ စားပြီးတိုင်း၊
⇒ အညစ်အကြေးများ ကိုင်တွယ်ပြီးချိန်တိုင်းတွင် ဆပ်ပြာနှင့်ရေကိုသုံး၍လက်ကိုစနစ်တကျ ဆေးကြောပါ။



တောမီးလောင်ခြင်း

ပူပြင်းခြောက်သွေ့ခြင်းနှင့် တောမီးလောင်ခြင်းကြောင့်-

- ဖုန်မှုန့်များနှင့် မီးခိုးငွေ့များပြားလာ၍ ပန်းနာရင်ကြပ်ခြင်း၊ ဓာတ်မတည့်ခြင်းနှင့်
- အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းတို့ ဖြစ်နိုင်ပါသည်။



ဖုန်မှုန့်နှင့် မီးခိုးငွေ့များမှ ကာကွယ်ရန်-

